# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၁၄)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၁၇-၁၀-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

## သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံအမှာစကားပြောကြားသည်။

**စာမျက်နှာ ၃ သို့** ❑

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဧလ**

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၁၇ ရက် ၊ သောကြာနေ့ ။

# စာပေဖတ်ရှုသည့် အလေ့အကျင့်များ ပြုစုပျိုးထောင်ကြပါစို့

လောကတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာအမျိုးမျိုးရှိသည့်အနက် စာပေသည် မြင်ဆရာတစ်မျိုးဖြစ်သည်။ စာအုပ်၊ စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ကြွယ်ဝလာမည်ဖြစ်သည်။ အတွေးအခေါ် အယူအဆ မှန်ကန်လာမည်ဖြစ်သည်။ အသိပညာအတတ်ပညာတို့ တိုးပွားစေမှုစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ စာပေသည် လူသားတိုင်းအတွက် ဉာဏ်မျက်စိကို ဖွင့်ပေးနိုင်သဖြင့် စာအုပ်စာပေမှ ရရှိလာမည့် အကျိုးကျေးဇူးတို့ကားကြီးမားလှပါသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့် စကားကဲ့သို့ စာပေသည် လောကလူသားများအတွက် ဘဝတစ်သက်တာ အကျိုးပြုနိုင်သည့် မိတ်ဆွေစစ်ဖြစ်သည်။ စာပေရေးသားသူများသည် မိမိတို့ တွေ့ကြုံရသည့် အတွေ့အကြုံများ၊ အသိအမြင်များကို အရင်းတည်ကာ စာဖတ်သူများအား သင်ယူမှတ်သားရန် ရေးသားထားခြင်းဖြစ်သည်။ စာအုပ်စာပေများသည် ဖတ်ရှုလေ့လာသူများအား အသိအလိမ္မာဟူသော အကျိုးကျေးဇူးများကို ရရှိစေသဖြင့် စာပေသည် လူသားတို့၏ ဘဝကို ပဲ့ကိုင်လမ်းညွှန်ပေးနိုင်သည့် အရာပင်ဖြစ်သည်။

ထို့ပြင် စာပေဖတ်ရှုသည့်အလေ့အထကို ငယ်စဉ်မှ စတင်ပျိုးထောင်ရခြင်းဖြစ်ရာ အိမ်မှာ မိဘတို့ကအားပေးရန် လိုအပ်သကဲ့သို့ ကျောင်းမှာလည်း စာပေဖတ်ရှုလေ့လာရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးထားရန်လိုသည်။ စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၏အကျိုးကို ကျောင်းသား၊ ကျောင်းသူများသိရှိနားလည်ရန် ဆရာ၊ ဆရာမများက ရှင်းလင်းပြောကြားပေးကြရမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူတိုင်း စာဖတ်သူများဖြစ်လာစေရန်လည်း အားပေးတိုက်တွန်းကြရန်လိုသည်။

ပညာဘဏ်တိုက် စာကြည့်တိုက်ဟူ၍ အဆိုရှိသည်။ စာကြည့်တိုက်များကို အသိပညာ၊ အတတ်ပညာဟူသော အဖိုးထိုက်၊ အဖိုးတန်ဘဏ္ဍာများ သိုလှောင်သိမ်းဆည်းရာ ဘဏ်တိုက်များအဖြစ် တင်စားထားခြင်းဖြစ်သည်။ ပါရမီရှင်များမှလွဲ၍ သာမန်လူတို့အဖို့ ဉာဏ်ပညာဗဟုသုတတို့နှင့် ပြည့်စုံနိုင်ရန်မှာ ကျောင်းသင်ခန်းစာများ၊ ဘဝအတွေ့အကြုံများလောက်နှင့် မလုံလောက်နိုင်။ ထို့အတွက် အလွယ်ကူဆုံးဖြည့်စွက်နိုင်မည့် နည်းလမ်းမှာ စာဖတ်ခြင်းပင်ဖြစ်သည်။

စာပေဖတ်ရှုသူ စာဖတ်နာသူများသည် အတွေ့အကြုံများ၍ ရင့်ကျက်စေနိုင်သည်။ ထို့ပြင် စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ဖတ်ရှုသူတို့၏ဘဝကို အကောင်းဘက်သို့ရောက်အောင် စာပေက ပို့ဆောင်ပေးနိုင်ပေသည်။ လူသားတိုင်း၏ လောကလူ့ဘောင်တွင် ဆောင်သင့်ရှောင်သင့်သည့် အကြောင်းအရာအမျိုးမျိုးနှင့် နည်းပညာယူစရာများသာမက ဝါသနာပါသည့် အကြောင်းအရာများကို အသေးစိတ်လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။

စာပေဖတ်ရှုလေ့လာသူများသည် တစ်နေ့တစ်ခြား အသိပညာဗဟုသုတကြီးမားတိုးတက်လာပြီး အသိဉာဏ်ပညာ ထက်မြက်လာစေမည်ဖြစ်သည်။ စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးကြောင့် အတွေးအခေါ် အယူအဆ မှန်ကန်ဖြောင့်မတ်လာစေရုံမျှမက အတွေးသစ်၊ အကြံသစ်၊ ဉာဏ်သစ်များရရှိကာ လုပ်ဆောင်လိုသည့်ကိစ္စမှန်သမျှကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အလိမ္မာစာမှာရှိဆိုသကဲ့သို့ ကောင်းမြတ်သော အသိပညာ အလိမ္မာများရရှိနိုင်စေရန် စာအုပ်စာပေများကို ဖတ်ရှုသင့်ကြောင်းကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက "သားမယားပင် သိမြင်ကင်းကွာ၊ မလိမ္မာလည်း စာပေစကား၊ နေ့တိုင်းကြားက ထူးခြားလိမ္မာ၊ ရှိသည်သာတည်း" ဟူ၍ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးကို သိရှိမှတ်သားရန် လမ်းညွှန်ပြသထားရာ စာပေဖတ်ရှုသည့် အလေ့အကျင့်များကို လူတိုင်းလူတိုင်း ပြုစုပျိုးထောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြင်းခြံမြို့၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုစစ်ဆေး

**မြင်းခြံ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ စစ်ဆေးခဲ့ကြသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးခြင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်မင်းသန်းနှင့် အဖွဲ့ဝင်များက မြင်းခြံမြို့ပေါ်မှ ရပ်ကွက်(၃၊ ၄၊ ၇၊ ၈၊ ၂၀)များသို့ သွားရောက်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စိစစ်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်မင်းသန်းက မဲဆန္ဒရှင်များ၏ ပုံစံ ၃ ဖြင့် လျှောက်ထားမှုများကို ဥပဒေနှင့်အညီ မဲစာရင်းတွင် အချိန်မီဖြည့်သွင်းပေးနိုင်ရန်၊ ရွေးကောက်ပွဲဥပဒေအရ မဲစာရင်းတွင် မပါဝင်သင့်သူများ၊ သေဆုံးသူများအား ပုံစံ ၄ ဖြင့် ပယ်ဖျက်ပြီး မဲစာရင်းတွင် မပါရှိစေရေး ဆောင်ရွက်ရန်၊ အချက်အလက်များယွင်းမှုများရှိပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်နိုင်ရေး မှာကြားခဲ့ကြသည်။

မြင်းခြံမြို့ပေါ်ရှိ ကြည့်ရှုစစ်ဆေးရန် ကျန်ရှိနေသေးသည့် ရပ်ကွက်များသို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၆)

၀-၀-၀-၀-၀

## ကျောက်ဆည်ခရိုင် ရပ်ကွက်၊ ကျေးရွာ(၁၃)ခုတွင် စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၁၃ ခုတွင် ပြည်သူများ၊ အခြေခံစားသောက်ကုန်များ ဝယ်ယူသုံးစွဲရာ၌ အထောက်အကူပြုစေရန်အတွက် ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် အသင်းဝင် စားသုံးဆီအရောင်းများမှ စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချတွင် ကျောက်ဆည်မြို့နယ်၌ ဦးတင်လင်းအောင် (အမေထွား) စားသုံးဆီလက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ သင်္ကန်တုံကျေးရွာပြည်သူများအား စားအုန်းဆီ ၁၁၀ ပိဿာ၊ ဒေါ်ကေခင်ခိုင်(ဗိုလ်တစ်ထောင်) စားသုံးဆီလက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ လေးဆယ်ကုန်းကျေးရွာပြည်သူများအား စားအုန်းဆီ ၁၁၀ ပိဿာ၊ ဒေါ်သီတာ (စစ်ငြိမ်း)စားသုံးဆီ လက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ ကြောင်ကျေးရွာပြည်သူများအတွက် စားအုန်းဆီ ၁၁၀ ပိဿာ၊ ဒေါ်စန်းစန်းငွေ(နေလသုခ) စားသုံးဆီ လက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ မင်းရပ် ရပ်ကွက်နှင့် ဒါန်းတိုင်ကျေးရွာပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၃၃၀၊ ဒေါ်သဇင်အောင်(နေလသုခ) စားသုံးဆီလက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ လက်ပံကျေးရွာနှင့် ကျီးအိပ်ကျေးရွာပြည်သူများအတွက် စားအုန်းဆီ ၃၄၂ ပိဿာ၊ ဦးအေးမင်းစိုး (အေးချမ်းသူ) စားသုံးဆီအရောင်းဆိုင်မှ ကျီးပြကျေးရွာပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၂၂၀ ကိုလည်းကောင်း၊ မြစ်သားမြို့နယ်၌ ဒေါ်ဇာဇာအေး(ဒေါ်ဇာ)စားသုံးဆီလက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ လောင်းတော်ဦးကျေးရွာပြည်သူများအတွက် စားအုန်းဆီ ၂၈၈ ပိဿာကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ်၌ ဦးကျော်ထွန်း (ဒေါ်လာ)စားသုံးဆီ လက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ အုန်းပင်ခြံကျေးရွာ ပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၄၄၀ ကိုလည်းကောင်း၊ ပလိပ်မြို့နယ်ခွဲ၌ ဦးကျော်ဆွေဝင်း(ငွေပင်လယ်) စားသုံးဆီလက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်မှ ညောင်ပင်သာကျေးရွာနှင့် သရက်ချောင်ကျေးရွာပြည်သူများအတွက် စားအုန်းဆီ ပိဿာ ၃၃၀ ကိုလည်းကောင်း အသီးသီးရောင်းချပေးခဲ့ကြောင်း သိရသည်။

ရောင်းချပေးခဲ့သော စားအုန်းဆီများကို ရည်ညွှန်းဈေး စားအုန်းဆီတစ် ပိဿာ ၆၈၅၈ ကျပ်ဖြင့် ဝယ်ယူခဲ့ပြီး ကျပ် ၇၆၉၀ ဖြင့် မိသားစုတစ်စုလျှင် စားအုန်းဆီ ၂ ပိဿာနှုန်းရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးမှ ပြောပြသည်။

(၀၄၅)


**သတင်းများ**

**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)


## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ၅၉ လမ်း၊ ၁၁၂ လမ်းနှင့် ၁၁၃ လမ်း၊ ကံသာယာရပ်ကွက်တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၅၅လမ်းနှင့် ၁၂၀ လမ်းထောင့်၊ ပြည်ရန်ကျော်ဈေးအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နောင်လာမည့်အစိုးရအတွက် ကြိုတင်ပြင်ဆင်၍ ရအောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားလိုကြောင်း။

### လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ပေးကြရမည်

အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ အလားတူ နိုင်ငံတော်လုံခြုံအောင်ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာကလည်း မိမိတို့နိုင်ငံအပေါ် လူရှိသေရှင်ရိုသေဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊သို့မှသာ ခိုင်မာသည့်အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထုအနေဖြင့် အစိုးရအပေါ်မှာ ခိုင်ခိုင်မာမာဖြင့် ယုံကြည်စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးကြီးအဆုံးအချက်ဖြစ်သည့် နိုင်ငံတော်၏ လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ အဆိုပါ လူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုတစ်ပါတည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

**❖ ဘတ်ဂျက်များသုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်များရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပိုလျှံနေသည့် ရန်ပုံငွေများမှသုံးစွဲ၍ ပြုပြင်ထိန်းသိမ်းတည်ဆောက်သွားရန်လို၊ စာသင်ကျောင်းများအတွက် လိုအပ်သည့် သင်ထောက်ကူပြုစာတ်ခွဲခန်းများကိုလည်း တည်ဆောက်ပေးသွားရန်လို၊ သို့မှသာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စံချိန်မီသည့် ကျောင်းများဖြစ်အောင်ဆောင်ရွက်သွားကြရန်လို၊ ဘတ်ဂျက်နှင့် ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလို**

### နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိ

သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသေးကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ စိုက်ပျိုးမြေများကောင်းမွန်စေရေး လိုအပ်သည့်မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊စိုက်ပျိုးရေကို အကျိုးရှိစွာဖြင့်အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ကိုယ်တိုင်အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အားထည့်ဆောင်ရွက်မှသာ မိမိဆောင်ရွက်သည့်အကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်တွင်းဆီဖူလုံမှုရှိစေရေး နေကြာစိုက်ဧကများတိုးချဲ့ခြင်းနှင့် ကော်ဖီများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကော်ဖီစိုက်ဧကများတိုးချဲ့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီနေကြာစိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နှမ်းနှင့် မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များရှိနေသေးကြောင်း၊ ဆီနေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့်ပတ်သက်၍လည်း ယခင်ကတည်းက ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်ခဲ့သော်လည်း အပြည့်အဝမစိုက်ပျိုးခြင်းနှင့် အခြားနည်းများဖြင့် သုံးစွဲခြင်းများပြုလုပ်ခြင်းများကြောင့် ထိုက်သင့်သလောက်အောင်မြင်မှုများမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် မြေနိမ့်ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးမြေများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးခွင့်ပြုပေးထားပြီး အပြည့်အဝစိုက်ပျိုးကြရန်လိုကြောင်း။

### စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်

စက်မှုသီးနှံနှင့်ပတ်သက်၍ ရာသီသီးနှံများ၊ နှစ်တိုသီးနှံများ၊ နှစ်ရှည်သီးနှံများရှိကြောင်း၊ ဝါသည် ရာသီသီးနှံဖြစ်ပြီး ကြံသည်နှစ်တိုသီးနှံဖြစ်ကြောင်း၊ ကော်ဖီ၊ ရော်ဘာတို့ကဲ့သို့သော သီးနှံများသည် နှစ်ရှည်သီးနှံများဖြစ်ကြောင်း၊ ဝါကို မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးနေပြီး စုစုပေါင်းဝါစိုက်ဧက ၅ သိန်းခန့်ရှိကြောင်း၊ လက်ရှိစိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စားရေရိက္ခာများ လုံလောက်စွာရရှိစေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် အသားငါးများ ဖူလုံပေါများစေရေး ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးမွေးမြူရေးဇုန်များ တည်ထောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ဒေသတွင် နေထိုင်သည့် လူဦးရေအလိုက် စားရေးဖူလုံမှုရှိစေရေး အဆင့်ဆင့် တိုးမြှင့်မွေးမြူဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူလူဦးရေ ၇ သန်းရှိပြီး လူဦးရေတစ်ဝက် ၃ သန်းခွဲတွင် ကြက်ဥတစ်ရက်လျှင် တစ်လုံးစားပါက ကြက်ဥအလုံးရေ ၃ သန်းခွဲ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ဥ ၃ သန်းခွဲရရှိရန်အတွက် ကြက်အကောင်ရေ ၄ သန်းခန့် မွေးမြူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စားရေးကိုအထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပထမအဆင့် ၂၅ ရာခိုင်နှုန်း၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်း ဖူလုံစေရန်နှင့် နောက်ဆုံးအဆင့်တွင် ၁၀၀ ရာခိုင်နှုန်းဖူလုံစေရေး အဆင့်ဆင့်တိုးမြှင့်စီမံချက်ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စားသောက်ရေးအတွက် လိုအပ်သည့် ဥနှင့် အသား၊ ငါးများ လုံလောက်စွာရရှိရေး မွေးမြူရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ပေးရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အသားငါးများ၏ ဈေးနှုန်းများလည်း အထိုက်အလျောက် သင့်တင့်မျှတလာမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဝါ၊ ကိုကိုး၊ ကော်ဖီ ၊ သရက်၊ ရော်ဘာ၊ သီဟိုဠ်စသည့် စက်မှုကုန်ကြမ်းသီးနှံအပင်များ စိုက်ပျိုးခြင်းကိုလည်းရေရှည်အတွက် အောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ ဘတ်ဂျက်လျာထားချက်များ ရေးဆွဲရာတွင်လည်း လျာထားတွက်ချက်ထားသည့်အတိုင်း သုံးစွဲရန်လိုကြောင်း၊ ဘတ်ဂျက်များသုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်များရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပိုလျှံနေသည့် ရန်ပုံငွေများမှသုံးစွဲ၍ ပြုပြင်ထိန်းသိမ်းတည်ဆောက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သည့် သင်ထောက်ကူပြုခေတ်ခွဲခန်းများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ သို့မှသာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စံချိန်မီသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာ ကောင်းမွန်စေရေး အတန်းပညာများ ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏ အခြေခံစိတ်ဓာတ်များ တိုးတက်ကောင်းမွန်လာစေရေး အချိန်ယူ၍ ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းသားများ၏စိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်ရေး အခြေခံအဆောက်အအုံများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## လိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်

အလားတူ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မပြည့်စုံသေးသည့် ဆေးရုံများ များစွာရှိကြောင်း၊ ဆေးရုံအမြင်ကောင်းနေရမည်၊ ကုသရေးအတွက် အစွမ်းထက်သူများရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက အပြည့်အဝယုံကြည်အားကိုးနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးရုံများအတွက် လိုအပ်သည့် ဥပမိရုပ်ပိုင်းဆိုင်ရာများနှင့် ကုသရေးပိုင်းဆိုင်ရာ လိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုနှင့်ပတ်သက်၍ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လမ်းများအားလုံး လမ်းဘေးဝဲယာတွင် အရိပ်အာဝါသများ ကောင်းမွန်စေရေး သစ်ပင်များစိုက်ပျိုးသွားကြရန်လိုကြောင်း၊ အလားတူ လမ်းများကောင်းမွန်ချောမွေ့နေစေရေးနှင့် တံတားအတက်အဆင်းများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဓိကအားဖြင့် နိုင်ငံတိုးတက်စေရန်၊ စီးပွားရေးအရ တိုးတက်စေရန် ရရှိနေသည့်ကာလအတွင်း ရသမျှ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

❒ ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျမှန်ကန်သည့် မဲစာရင်းများရရှိစေရေး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်၊ စာရင်းများမှန်ကန်မှုရှိစေရေးသည် အရေးကြီး၊ မဲရုံတာဝန်ပေးအပ်မှုများနှင့် ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန်လို၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လို၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များ ရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို

## ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် စပါးစိုက်ပျိုးဧကများနှင့် အထွက်နှုန်း မှန်ကန်မှုရှိစေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်မှ သွင်းအားစုများအပါအဝင် အခြားထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် မဲရုံများ လျာထားဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုအခြေအနေ၊ မူဝါဒများနှင့်အညီ စီမံကိန်းများ ရာခိုင်နှုန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ဖယ်ရှားရှင်းလင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုအခြေအနေများ၊ တရားမဝင် အကောက်အခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရရှိမှုအခြေအနေ၊ တရားမဝင် အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လာမှုနှင့် တားဆီးကာကွယ်ရန် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မဲဆွယ်ကာလနှင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းများအလိုက် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးအထူးအလေးထားဆောင်ရွက်ရန်၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏အမှားကို သင်ခန်းစာယူ၍ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုနှင့် ကဏ္ဍစုံအမှားအယွင်းမရှိစေရေး ကြပ်ကြပ်မတ်မတ်ဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအလိုက် / ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မဲစာရင်းမှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန် လိုအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

## အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျမှန်ကန်သည့် မဲစာရင်းများ ရရှိစေရေး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းများ မှန်ကန်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ မဲရုံတာဝန်ပေးအပ်မှုများနှင့် ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များ ရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများနှင့်တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းစေကြောင်း၊ မိမိတို့ဒေသအလိုက် ရာသီဥတုမြေအနေထားနှင့် ကိုက်ညီသည့် မှိုစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်သီး စသည့် သီးနှံများကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသွားကြရန်လိုကြောင်း။

သစ်အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသအတွက် လိုအပ်သည့် သစ်များအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ တရားမဝင်ခုတ်ယူမှုများမရှိစေရေးအတွက်လည်း စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်မှလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် "နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ၊ "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့" ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားပြီး ဆောင်ပုဒ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့နှင့် သီးခြားစီတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေး (Non-aligned Movement- NAM) တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နှစ်နိုင်ငံချစ်ကြည်ရေးတွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၅ ရက်တွင် မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီး H.E. Maria Manuela Lucas၊ အီရန်နိုင်ငံခြားရေးဝန်ကြီး H.E. Abbas Araghchi ၊ ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး H.E. Maxim RYZHENKOV (ယာယီ)၊ ကျူးဘားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bruno Rodriguez Parrilla၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် H.E.Md. Touhid Hossain နှင့် အီတလီနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး H.E. Mrs. Monica Robelo Raffone တို့နှင့် လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ယူဂန်ဒါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Gen. Odongo Jeje Abubakhar နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုများတွင် ရှိရင်းစွဲသံတမန်ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရေး၊ နှစ်နိုင်ငံအဆင့် နိုင်ငံရေးရာ ဆွေးနွေးမှုများ ပြုလုပ်သွားရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် ပိုမိုထိတွေ့ညှိနှိုင်းဆောင်ရွက်ရေးစသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာ-ယူဂန်ဒါနှင့် မြန်မာ-မိုဇမ်ဘစ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ရေး အလားအလာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံရာစဉ် ၂၀၁၆-၂၀၁၇ ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံဘက်က ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ



ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြန်မာဘက်က ဆောင်ရွက်နေမှုများကို အလေးပေးပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အာဖရိကရှိ နိုင်ငံ ၂၁ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**


အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ချိန်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ခရီးသွားကဏ္ဍ တိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဗီယက်နမ်- မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဗီယက်နမ်- မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

◆ မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး အဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး

**အမှတ်တရပစ္စည်းပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးထွန်းထွန်းအောင် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၂) | ဒေါ်မာလာထွဋ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) | ဦးသောင်းထွေး | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၉၇၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

**ကန့်ဘလူ အောက်တိုဘာ ၁၆**

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံ ၉၇၁၃၇ ဧက စိုက်ပျိုးရန်လျာထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးဇော်ထံမှ သိရသည်။

ဒေသခံတောင်သူများအနေဖြင့် ဈေးကောင်းရနိုင်သည့် ပဲမျိုးများကို ရွေးချယ်စိုက်ပျိုးလာကြပြီး စိုက်ပျိုးရေ လိုအပ်ချက်နည်းသည့် သီးနှံများဖြစ်ကြောင်း၊ စပါးစိုက်ပျိုးပြီးလျှင် ပဲမျိုးစုံစိုက်ပျိုးမှုသည် အများဆုံးဖြစ်၍ ပိုလျှံသည့်ပဲများကို အခြားဒေသများသာမက ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိက ပြောသည်။

မြို့နယ်အတွင်း ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် မတ်ပဲ ၃၈၄၃၇ ဧက၊ ပဲတီစိမ်း ၂၂၅၀၀ ဧက၊ ထောပတ်ပဲ ၃၈၄၂ ဧက၊ စွန်တာနီ ၁၄၁၅ ဧက၊ စွန်တာပြာ ၇၂၄၄ ဧက၊ ကုလားပဲ ၇၀၈၉ ဧက၊ ပဲလွမ်း ၂၄၅၅ ဧက၊ စားတော်ပဲ ၁၀၄၄၀ ဧကနှင့်အခြားပဲ ၃၇၁၅ ဧကကို စိုက်ပျိုးရန် လျာထားသည်။

သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများ ထည့်သွင်းဆောင်ရွက်ရာ၌ သီးနှံပင်၏ သက်တမ်းအလိုက် အသုံးပြုရမည့် မြေဩဇာအသုံးပြုမှု မှန်ကန်စေရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့်အပင်အတွက် အကျိုးဖြစ်ထွန်းစေရေး၊ သဘာဝမြေဩဇာများ အချိုးကျရောစပ်၍ အချိန်ကိုက်ကြဲပက်နိုင်စေရေးအတွက် ကွင်းဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀

# "ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ထိုင်းနိုင်ငံ သံအမတ်ကြီးဟောင်းနှင့် အိန္ဒိယနိုင်ငံတို့မှ ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အစီအစဉ်အဖြစ် “ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း” အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာမှ ဆွေးနွေးကြမည့် ပြည်ပပညာရှင်များ၊ လေ့လာသူများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ထို့နောက် “ပဋိပက္ခဖျန်ဖြေရေးလုပ်ငန်းများနှင့် ရွေးကောက်ပွဲများ၌ လူထုပါဝင်ရေး စည်းရုံးရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းအစီအစဉ်ဆောင်ရွက်ရာ သဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များက “ရွေးကောက်ပွဲ၊ ဒေသန္တရအုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲအလွန် ရှေ့လုပ်ငန်းစဉ်များ”၊ “ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အရပ်သားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်များ၏ အခန်းကဏ္ဍ”၊ “လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တတိယအုပ်စုမှ ကြားဝင်စေ့စပ်ပေးခြင်းနှင့် အကျိုးဆောင်ခြင်း” တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ဆောင်ရွက်ကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဦးဆောင်ဆွေးနွေးကြသော ပညာရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲတက်ရောက်လာသူများသည် အဖွဲ့(၂)ဖွဲ့ခွဲ၍ ဆွေးနွေးခြင်းအစီအစဉ်ကိုဆောင်ရွက်ရာ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)က “ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် လက်နက်ကိုင်မဟုတ်သည့် လူမှုအသိုက်အဝန်းများ၊ အရပ်ဘက်တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များနှင့်အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း”၊ “မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ် တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိ ပကတိအခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း” တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် အဖွဲ့(၂)က “မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရာ၌ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်ခြင်း”၊ “မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ် တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိ ပကတိအခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း” တို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြရာ (အောက်ဝဲပုံ) သဘာပတိများက အမှာစကားများပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက်ဆွေးနွေးကြကာ တက်ရောက် လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်း မေးမြန်းခြင်း၊ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် လူ့စွမ်းအား အရင်းအမြစ်များ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး၊ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများဖော်ထုတ်၍ စီးပွားရေးအခန်းကဏ္ဍမြှင့်တင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို နိုင်ငံ၏ လက်ရှိ ပကတိအခြေအနေနှင့် လက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်ရေး တို့နှင့်စပ်လျဉ်း၍လည်း အသေးစိတ် ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်မဲမြို့ အထက(နောင်ပိန်)ထပ်မံဖွင့်လှစ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသား ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းကို အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း (နောင်ပိန်)ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း လေးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှု အနေဖြင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ ၅၈၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၆၃၆ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ကျောက်မဲမြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာ နေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၉၁ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ တစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



# NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ကျင်းပတဲ့အချိန်အခါဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကူးအပြောင်းကာလအတွက် ဒီအချိန်က အင်မတန် အရေးကြီးပါတယ်

H.E. Mr. Shri Abhay Thakur မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး


ဒေါက်တာ ဇော်ဦး


H.E. Mr. Shri Abhay Thakur


ဒေါက်တာ ခင်မောင်ဦး


ဦးညိုအုန်းမြင့်


ဦးညီရန်း


ဦးခေါ်တိန့်


ဦးစောသန်းမြင့်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန်အတွက် အဓိကသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ Stakeholders များအကြား ပါဝင်သင့် ပါဝင်ထိုက်သူအားလုံးပါဝင်သည့် ကျယ်ပြန့်သောတွေ့ဆုံဆွေးနွေးမှုများကို မြှင့်တင်ရန်၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြည်သူလူထု သဘောပေါက်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ရန်၊ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဋ္ဌာန (၁)၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ တက်ရောက်လာသည့်ငြိမ်းချမ်းရေးလိုလားသူတို့၏ သဘောထား၊ အမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာ ဇော်ဦး**
**စီးပွားရေးပညာရှင်**

ဒီနှစ်ဆွေးနွေးပွဲမှာ နိုင်ငံတကာပညာရှင်တွေ လာရောက်ဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပါဝင်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရင်တုန်းက ဆွေးနွေးခဲ့ခြင်းမရှိတဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ကိစ္စတွေကို ထည့်သွင်းဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ အဓိကက နိုင်ငံတကာမှာ ပိုပြီး ရေ့တန်းကိုရောက်ရှိလာတဲ့ ပထဝီစီးပွားရေးအကြောင်းအရာတွေ ဖြစ်ပါတယ်။ အရင်က ပထဝီနိုင်ငံရေးကြောင့် ပဋိပက္ခတွေ ဖြစ်ကြတယ်။ အခုကာလမှာတော့ ပထဝီစီးပွားရေးကို ဖော်ဆောင်ရင်း ပဋိပက္ခတွေကို ကျော်လွှန်ပြီးတော့ ငြိမ်းချမ်းရေးရရှိလာကြတဲ့ သာဓကတွေလည်း ရှိလာပါတယ်။ ပြည်တွင်းပဋိပက္ခတွေရှိတဲ့ နိုင်ငံတော်တော်များများမှာ ပထဝီစီးပွားရေးအခွင့်အလမ်းတွေ ပေါ်လာတာကြောင့် ငြိမ်းချမ်းရေး ရရှိလာကြတယ်။ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားမှာ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးရရှိဖို့ ပထဝီစီးပွားရေးအခွင့်အလမ်းတွေ ဘာတွေရှိနေသလဲ၊ ဒီအခွင့်အလမ်းတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းပြီး ဘယ်လိုဆောင်ရွက်မလဲဆိုတာ ဆွေးနွေးကြမယ်။

ဆွေးနွေးပွဲ ဒုတိယနေ့နဲ့ တတိယနေ့မှာက ပထမနေ့ ဆွေးနွေးထားတဲ့ နိုင်ငံတကာက တင်ပြချက်တွေ၊ အကြံပြုချက်တွေကိုအခြေခံပြီး တက်ရောက်လာတဲ့ ငြိမ်းချမ်းရေးမှာ ပါဝင်ခဲ့သူတွေရဲ့ သုံးသပ်မှုတွေနဲ့ပေါင်းစပ်ပြီး ရှေ့ကိုဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဖော်ထုတ်သွားဖို့လည်း ရှိပါတယ်။

ဆွေးနွေးမှုတွေကနေ အနာဂတ်အတွက် ပေါ်ထွက်လာမယ့် အကြံပြုချက်တွေကိုဖော်ထုတ်ပြီး ပေါ်ပေါက်လာမယ့် အစိုးရအသစ် ဆက်လက်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အနာဂတ်ကာလမှာ လက်တွေ့ဆောင်ရွက်လို့ရမယ့် အရာတွေကို အကြံပြုနိုင်တဲ့အထိ အခုဆွေးနွေးပွဲကနေ ဖော်ထုတ်သွားမှာဖြစ်ပါတယ်။

**H.E. Mr. Shri Abhay Thakur**
**မြန်မာနိုင်ငံဆိုင်ရာ**
**အိန္ဒိယနိုင်ငံသံအမတ်ကြီး**

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ကျင်းပတဲ့ အချိန်အခါဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကူးအပြောင်းကာလအတွက် ဒီအချိန်က အင်မတန် အရေးကြီးပါတယ်။ ဒီလိုအခမ်းအနားမှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန်ဝမ်းသာပါတယ်။ သမိုင်းတွင်မယ့် ဖြစ်စဉ်တစ်ခုလို့လည်း ယုံကြည်ပါတယ်။ NCA ကို ငြိမ်းချမ်းစွာ အပြည့်အဝအကောင်အထည်ဖော်ဖို့ဆိုရင် နိုင်ငံအတွင်းက ပါတီအဖွဲ့အစည်းတွေအပေါ်မှာ မူတည်တယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို စောင့်ကြည့်အကူအညီပေးသွားမှာဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့အတူ ကျွန်တော်တို့ အတူတကွ လာရောက်ပြီးတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အဖြေရှာကြတာဖြစ်ပါတယ်။

**ဒေါက်တာ ခင်မောင်ဦး**
**ဥက္ကဋ္ဌ၊ ညီညွတ်ရေးနှင့်**
**ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ဒီနေ့ ဒုတိယနေ့ဆွေးနွေးပွဲမှာ နိုင်ငံတကာပညာရှင်တွေ၊ သံအမတ်ကြီးတွေ၊ အိန္ဒိယနိုင်ငံက ပညာရှင်တွေ၊ မလေးရှားနိုင်ငံက ပညာရှင်တွေ တက်ရောက်လာကြတယ်။ ပြီးတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး NCA အကောင်အထည်ဖော်မှုကို နောင်လာမယ့် ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ဆက်လက်ဆောင်ရွက်ရမယ့်ဟာတွေကို Roadmap ပုံစံမျိုး ဒီနေ့ဆွေးနွေးပွဲမှာ ဆွေးနွေးသွားကြပါတယ်။ နောင်ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ငြိမ်းချမ်းသာယာပြီး အားလုံးပြည့်ပြည့်စုံစုံနဲ့ ဖွံ့ဖြိုးတိုးတက်မယ့် လမ်းကြောင်းတစ်ခုအပေါ် တွန်းတင်ပေးလိုက်တဲ့ ဆွေးနွေးပွဲတစ်ခုလို့ မြင်မိပါတယ်။

အများကြီးအထောက်အကူပြုနိုင်မှာပါ။ ငြိမ်းချမ်းမှုမရှိရင် ပြည်သူတွေ ဘယ်လိုဒုက္ခတွေ ခံစားရတယ်၊ ဘယ်လို အခက်အခဲတွေ ရင်ဆိုင်ရတယ်၊ ဘယ်လိုတွေ ဖြတ်သန်းနေရတယ် ဆိုတာတွေကို ပြည်သူတွေ အသိဆုံးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက မနေ့ကအခမ်းအနားမှာ သူ့ရင်ထဲကလာတဲ့ ပြည်သူတွေအတွက် စိတ်စေတနာကို ပြောကြားထားပါတယ်။ ပြည်သူတွေအတွက် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ချင်တယ်၊ ငြိမ်းချမ်းချင်တယ်၊ နိုင်ငံတကာမှာ မျက်နှာပန်းလှချင်လို့နိုင်ငံတော်အကြီးအကဲအနေနဲ့ ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဖို့ ကြိုးစားနေပါတယ်။

**ဦးညိုအုန်းမြင့်**
**အကြံပေး၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

နိုင်ငံရေးအခင်းအကျင်း၊ ဒေသန္တရနိုင်ငံရေးအခင်းအကျင်း၊ ပထဝီနိုင်ငံရေးအခင်းအကျင်း ပြောင်းလဲလာတဲ့အတွက် မျှော်လင့်ချက်တစ်ခု ရှိလာပါတယ်။ ပဋိပက္ခရဲ့ပြဿနာက နိုင်ငံရေးရဲ့ပြဿနာပါပဲ။ ဒီလိုငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ များများပြုလုပ်လေလေ၊ ပါဝင်ပတ်သက်သူဦးရေတွေ တိုးလာလေလေဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ငြိမ်းချမ်းရေးကို အလေးထားကြောင်း ခဏခဏ ပြောကြားပါတယ်။နိုင်ငံတော်အကြီးအကဲရဲ့ စဉ်းစားချက်တွေက နိုင်ငံရေးရော၊ ငြိမ်းချမ်းရေးရော အပြိုင်သွားဖို့ ကြိုးစားတယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် လက်နက်ကိုင်အင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေ၊ နိုင်ငံရေးအရ မတူညီတဲ့အရာတွေကို စားပွဲဝိုင်းပေါ်မှာ ဖြေရှင်းလို့ရနိုင်တဲ့အနေအထားနဲ့ နိုင်ငံရေးပြောင်းလဲမှုလုပ်ဖို့ လိုမယ်လို့ထင်ပါတယ်။

**ဦးညီရန်း**
**ဆက်ဆံရေးတာဝန်ခံ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)**

ကျွန်တော် NCA (၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားကို တက်ရောက်ရခြင်းက ငြိမ်းချမ်းရေးကို တန်ဖိုးထားတဲ့အနေနဲ့ တက်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ "ဝ"အဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးရယူထားတာ နှစ်ပေါင်း ၄၀ နီးနီးလောက်ရှိပြီ ဖြစ်ပါတယ်။ ဒီနေ့ အခမ်းအနားကြီးကနေ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးမျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ လုပ်ဆောင်ချက်တွေကို အားပေးတဲ့အတွက် ဒီအခမ်းအနားကို ပါဝင်တက်ရောက်လာခြင်းဖြစ်ပါတယ်။

**ဦးခေါ်တိန့်**
**အတွင်းရေးမှူး၊**
**ဒီမိုကရေစီပါတီသစ်(ကချင်)**

(၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ကဏ္ဍစုံ၊ နယ်ပယ်စုံက ပုဂ္ဂိုလ်တွေ စုံစုံလင်လင် တက်ရောက်ကြတဲ့အတွက် ဒီနေ့အခမ်းအနားက ထူးခြားပါတယ်။ နိုင်ငံငြိမ်းချမ်းပြီး သာယာဝပြောဖို့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ရှေးရှုပြီး ရွေးကောက်ပွဲကျင်းပသွားမယ်လို့ ပြောကြားသွားတဲ့အတွက် ကျွန်တော်တို့ ပြည်သူလူထုအားလုံး အားတက်ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းဖို့က ရွေးကောက်ပွဲအကြိုမှာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့က အရေးကြီးပါတယ်။ ရွေးကောက်ပွဲ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ကြိုးစားရမယ်။ နှစ်ကာလကြာမြင့်စွာတည်ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့၊ ငြိမ်းချမ်းဖို့က ပြည်သူတွေအားလုံး လိုလားတောင့်တနေတာပါ။ အမြန်ဆုံးငြိမ်းချမ်းချင်ကြတယ်။ အမြန်ဆုံး တိုင်းပြည်သာယာဝပြောစေချင်တယ်။ ဒါကြောင့် ရွေးကောက်ပွဲအလွန်ကာလမှာ ပေါ်ပေါက်လာမယ့် အစိုးရနဲ့ လွှတ်တော်အတွက် အကောင်းဆုံးအထောက်အကူပြုနိုင်အောင် အခုလို နိုင်ငံရေးနည်းနဲ့ ဆွေးနွေးအဖြေရှာကြတာ ဖြစ်ပါတယ်။

**ဦးစောသန်းမြင့်**
**တွဲဖက်အထွေထွေအတွင်းရေးမှူး၊**
**ရှမ်းနှင့် တိုင်းရင်းသားများ**
**ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**

ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအတွက် ငြိမ်းချမ်းရေးက အဓိကအလိုအပ်ဆုံး အရာပဲဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနဲ့ နိုင်ငံသားအားလုံးကို ဆိုလိုခြင်းဖြစ်ပြီး အားလုံးက ငြိမ်းချမ်းချင်ကြပါတယ်။ ကျွန်တော်တို့ ပါတီတွေက ပိုပြီးငြိမ်းချမ်းချင်ပါတယ်။ ကျွန်တော်တို့ပါတီတွေက ပြည်သူလူထုကို တစ်ဆင့်တာဝန်ခံပေးရတဲ့အဖွဲ့အစည်းတွေဖြစ်တဲ့အတွက် နိုင်ငံငြိမ်းချမ်းမှုဖြစ်မယ်။ ဒါကြောင့် ဒီနေ့အခမ်းအနားကို တက်ရောက်လာခြင်းက ငြိမ်းချမ်းရေးကို အထူးလိုလားတဲ့အတွက် တက်ရောက်လာခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကနေ ပိုမိုကောင်းမွန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲရလဒ်တွေ အများကြီးထွက်ရှိလာမယ်လို့ ယုံကြည်မိတဲ့အတွက်ကြောင့် ဒီနေ့အခမ်းအနားကို တက်ရောက်လာခြင်းဖြစ်ပါတယ်။ အခုဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေးကို ဘယ်လိုရှုထောင့်ကနေ ကူညီထောက်ပံ့အကြံပြုရမလဲဆိုတာကို အဓိကထားပြီး တက်ရောက်လာခြင်းဖြစ်ပါတယ်။ **သတင်းအဖွဲ့**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၇၂ ရက်
သာ လိုတော့သည်။

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- ❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့် လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

◆ စာမျက်နှာ ၂၄ မှ

အလားတူ TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နှင့် ၎င်းဒေသ တစ်ဝိုက်ကိုလည်း ခေတ္တစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် သီပေါမြို့အဝင် Toll Gate သို့ ရောက်ရှိစဉ် မြို့တွင်းမှ မီးခိုးလုံးများ တွေ့ရှိသဖြင့် မြို့တွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများ ဖြစ်သည့် အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင် အခြားဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များအား ရက်စက်ယုတ်မာစွာ မီးရှို့ထွက်ပြေးသွားကြောင်း သိရှိရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အခြားအဆောက်အအုံများ မီးကူးစက်မှု မရှိစေရေးအတွက် မီးငြိမ်းသတ်နိုင်ရေးနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ သတင်းစဉ်



အကြမ်းဖက် သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့လယ် ရပ်ကွက်ရှိ မြေစာရင်းရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက် သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။

## မိုးစပါးမျိုးကွဲ(၅)မျိုး ၅၂၃၃၄ ဧက စိုက်ပျိုး

**ကျောက်ဆည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံရေးအတွက် ရေရရှိရေးနည်းလမ်းများအလိုက် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးမျိုးကွဲ(၅)မျိုး ၅၂၃၃၄ ဧက စိုက်ပျိုးထားသည်။

မိုးစပါးများစိုက်ပျိုးရာ၌ ဧရာမင်းစပါးမျိုး ၅၀၂၃၉ ဧက၊ မနောသုခစပါးမျိုး ၄၅၅ ဧက၊ ရွှေမနော် စပါးမျိုး ၁၅၆၉ ဧက၊ အောင်နိုင်တိုးစပါးမျိုး ၂၉ ဧက၊ GW-11 စပါးမျိုး ၄၂ ဧက စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးထားကြောင်းနှင့် စမာစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စုကိုးအုပ်စု၌ ၇၅၀၈ ဧက၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စု ၁၈ အုပ်စု၌ ၉၅၉၃ ဧက၊ မင်းရဲ စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စု ၁၂ အုပ်စု၌ ၅၉၇၀ ဧက၊ သင်းတွဲ စိုက်ပျိုးရေး နည်းပညာပေးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စု ၁၅ အုပ်စု၌ ၁၀၁၄၅ ဧက၊ ထုံးကြီး စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ ၉၂၄၅ ဧက၊ သင်းဒီး စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ ၉၈၇၃ ဧက စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးထားသည်။

စပါးသီးနှံများအောင်မြင်ရေးအတွက် ကျောက်ဆည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက မျိုးများ၊ စိုက်နည်းစနစ်များ၊ သွင်းအားစုများနှင့် စိုက်ပျိုးရေးများ စနစ်တကျ ကူညီပေးလျက်ရှိကြောင်း မိုးစပါးစိုက်ပျိုးရာတွင် ဧရာမင်း၊ မနောသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ GW-11 ၊ GW-18 စပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့အနေဖြင့် တောင်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀

# တူကီယဲ၌ လူဦးရေအထူထပ်ဆုံးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရာဗဟိုချက် မာမာရာဒေသတွင် ပြင်းထန်သော မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေ

အစ္စတန်ဘူလ် အောက်တိုဘာ ၁၆
တူကီယဲနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရာ ဗဟိုချက်ဖြစ်သော နိုင်ငံအနောက်မြောက်ပိုင်း မာမာရာဒေသတွင် ဆိုးရွားပြင်းထန်သောမိုးခေါင်ရေရှားမှုအန္တရာယ်နှင့်ကြုံတွေ့နေရကြောင်း၊ ရေလှောင်ကန်များ၏ ရေမျက်နှာပြင်များမှာ စံချိန်တင်အနိမ့်ဆုံးအဆင့်သို့ ကျဆင်းလာပြီဖြစ်သောကြောင့် မြို့ကြီးများတစ်လျှောက် အရေးပေါ် အစီအမံများဆောင်ရွက်ရန် တိုက်တွန်းထားကြောင်း သိရသည်။

## စံချိန်တင်အနိမ့်ဆုံးကျဆင်း

မာမာရာပင်လယ်၏ တောင်ဘက်ဗဟိုအချက်အချာကျသော ဘူဆာမြို့ ရေလှောင်ကန်များမှ ရေသိုလှောင်မှုပမာဏမှာ တစ်နှစ်တာကာလအတွင်း ၂၃ ရာခိုင်နှုန်းမှ စံချိန်တင်အနိမ့်ဆုံးဖြစ်သည့် ၀ ဒသမ ၆၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

မကြာသေးမီက လေ့လာချက်တစ်ခုတွင် ဥလူဒါဂ်တောင်ရှိစမ်းရေတွင်း ၁၀ တွင်းအနက် ခြောက်တွင်းမှာ ရေခန်းခြောက်သွားပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့်တွင်းများမှာလည်း ရေထွက်အား ၈၀ ရာခိုင်နှုန်း လျော့ကျသွားပြီဖြစ်ကြောင်း ဖော်ပြထားသည်။

## ရေ ကုဗမီတာ ၁၀၀၀၀၀ ခန့် ချွေတာနိုင်

ဘူဆာမြို့ ရေနှင့် မိလ္လာစီမံခန့်ခွဲရေးအဖွဲ့က ခရိုင်ခြောက်ခုတွင် မရှိမဖြစ်လိုအပ်သော ဌာနများကို ချန်လှပ်ကာ ၁၂ နာရီကြာ အလှည့်ကျရေဖြတ်တောက်မှုစနစ်ကို လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။ ထို့အပြင် ထိုကဲ့သို့လုပ်ဆောင်မှုက နေ့စဉ်ရေပမာဏ ကုဗမီတာ ၁၀၀၀၀၀ ခန့် ချွေတာနိုင်မည်ဟု ခန့်မှန်းထားသည်။

တူကီယဲနိုင်ငံ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူလ်မြို့ရှိ ရေလှောင်ကန်များ၏ ရေမျက်နှာပြင်မှာလည်း သမိုင်းတစ်လျှောက် အနိမ့်ဆုံးအဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ရေလှောင်ကန်အများအပြားမှာလည်း ရေသိုလှောင်နိုင်စွမ်း ၁၀ ရာခိုင်နှုန်းအောက် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ



# ဂီနီနိုင်ငံက အနောက်အာဖရိက၏ အကြီးဆုံးသင်္ဘောကျင်း တည်ဆောက်မည်

ကွန်နာကရီ အောက်တိုဘာ ၁၆
ဂီနီအစိုးရသည် တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ အနောက်အာဖရိက၏ အကြီးဆုံး သင်္ဘောကျင်းတည်ဆောက်မည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးနှင့် အစိုးရပြောရေးဆိုခွင့်ရှိသူ အိုစမာနီ ဂါအူရယ်ဒီရယ်လိုက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားထားသည်။

## စီမံကိန်းဧရိယာကို စစ်ဆေး

ဒီရယ်လိုနှင့် ၎င်း၏ ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံ၏မြို့တော် ကွန်နာကရီမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၃၀၀ ကျော် အကွာတွင်ရှိသည့် ကမ်းရိုးတန်းမြို့ဘိုကေးသို့ သွားရောက်ကာ စီမံကိန်းအတွက် သတ်မှတ်ထားသည့် ဟက်တာ ၅၀ ကျယ်ဝန်းသည့် ဧရိယာကိုစစ်ဆေးခဲ့ကြောင်း သိရသည်။

## မဟာဗျူဟာမြောက် အရေးပါ

သင်္ဘောအရွယ်အစားအမျိုးမျိုးကို ပြုပြင်ထိန်းသိမ်းခြင်း၊ ရေကြောင်းဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် ကျွမ်းကျင်သော ဒေသခံလုပ်သားများကို လေ့ကျင့်သင်ကြားပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် အဆိုပါ သင်္ဘောကျင်းသည် မဟာဗျူဟာမြောက် အရေးပါသည်ဟု ဒီရယ်လိုက ပြောသည်။ ထို့အပြင် အဆိုပါ သင်္ဘောကျင်းသည် အနောက်အာဖရိကဒေသတွင် အကြီးဆုံးသာမက အာဖရိကတိုက်တွင် အရေးပါဆုံးစီမံကိန်းများထဲမှ တစ်ခုဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

## သင်္ဘောပြုပြင် ထိန်းသိမ်းခြင်း အာရုံစိုက်လုပ်ဆောင်မည်

ပထမအဆင့်တွင် သင်္ဘောပြုပြင်ထိန်းသိမ်းခြင်းကို အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ပြီး နှစ်နှစ်အတွင်း လုပ်ငန်းစတင်လည်ပတ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ငါးနှစ်အကြာတွင် စတင်ရန်စီစဉ်ထားသည့် ဒုတိယအဆင့်တွင် သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘောကျင်းဝန်းကျင်တွင် စက်မှုလုပ်ငန်းငယ်များ စုဝေးဖွံ့ဖြိုးတိုးတက်လာစေရန် အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒီရယ်လိုက ပြောသည်။

ဆင်ဟွာ

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခြိမ်းခြောက်မှုနှင့် အစားအသောက်ဖူလုံမှု မရှိခြင်းတို့အတွက် တစ်ကမ္ဘာလုံး ဝိုင်းဝန်းဖြေရှင်းရန် ပါကစ္စတန်ဝန်ကြီးချုပ် တိုက်တွန်း

အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၆
အစားအသောက်ဖူလုံမှုမရှိခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ခြိမ်းခြောက်မှုများတိုးလာရသည့်အပေါ် တစ်ကမ္ဘာလုံးမှ ဝိုင်းဝန်းဖြေရှင်းကြရန် အောက်တိုဘာ ၁၆ ရက်တွင် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှာအစ်ဖ်က တောင်းဆိုခဲ့သည်။ လူတိုင်းအာဟာရပြည့်ဝသည့် အစားအသောက်များရရှိနိုင်ရန် အလေးထားဆောင်ရွက်ရာတွင် ကမ္ဘာအသိုင်းအဝိုင်းနှင့်အတူ ပါကစ္စတန်လည်းရပ်တည်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

လူတိုင်းအတွက် စားနပ်ရိက္ခာဖူလုံရေး နိုင်ငံအဆင့်တွင်သာမက အပြည်ပြည်ဆိုင်ရာအဆင့်တွင်ပါ လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရန်လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ယခုနှစ်အတွက်ဆောင်ပုဒ်မှာ ပိုမိုကောင်းမွန်သည့် အစားအသောက်နှင့် ပိုမိုကောင်းမွန်သည့် အစားအစာအတွက် လက်တွဲဆောင်ရွက်ကြပါစို့ ဟူ၍ဖြစ်သည်။

အဆိုပါဆောင်ပုဒ်သည် အစိုးရ၊ တောင်သူလယ်သမား၊ အဖွဲ့အစည်းများနှင့် နိုင်ငံသားများ အတူပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို မီးမောင်းထိုးပြလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုသည် ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးမှုနှင့် လူမှုစီးပွားဘဝများ ထိခိုက်မှုကိုဖြစ်ပေါ်စေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများလျော့ပါးစေရန် ရနိုင်သမျှသော အရင်းအမြစ်များကို အသုံးချလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆင်ဟွာ

# ၂၀၃၀ပြည့်နှစ် ဓနသဟာယ အားကစားရာပြည့်ပွဲတော် အိမ်ရှင်မြို့အဖြစ် အိန္ဒိယနိုင်ငံ အာမက်ဒါဗတ်မြို့ကို အကြံပြုထား



ဒေလီ အောက်တိုဘာ ၁၆
အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်ရှိ အာမက်ဒါဗတ်မြို့ကို ၂၀၃၀ ပြည့်နှစ် ဓနသဟာယ အားကစားပွဲတော် ရာပြည့်ပွဲတော်အတွက် အိမ်ရှင်မြို့အဖြစ် အကြံပြုထားကြောင်း ဓနသဟာယ အားကစားအမှုဆောင်အဖွဲ့က အောက်တိုဘာ ၁၅ ရက်တွင် အတည်ပြုကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ အာမက်ဒါဗတ်ဟုလည်းသိကြသော ထိုမြို့ကို နိုဝင်ဘာလ ၂၆ ရက်တွင် ဂလပ်စ်ဂိုး၌ ကျင်းပမည့် အထွေထွေညီလာခံ၌ အတည်ပြုနိုင်ရန်အတွက် ဓနသဟာယ အားကစား အဖွဲ့ဝင်အားလုံးထံသို့ တင်ပြသွားမည်ဟု အဆိုပါအမှုဆောင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုအကြံပြုချက်သည် ကိုယ်စားလှယ်လောင်းမြို့များကို အကဲဖြတ်သည့် လုပ်ငန်းစဉ်များအပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ အာမက်ဒါဗတ်နှင့် နိုင်ဂျီးရီးယားနိုင်ငံမှ အဘူဂျာမြို့တို့က အိမ်ရှင်လျှောက်လွှာများကို တင်သွင်းခဲ့ကြသည်။

၂၀၃၀ ပြည့်နှစ် အားကစားပွဲတော်ကို ကနေဒါနိုင်ငံ၊ ဟာမီလ်တန်မြို့၌ စတင်ကျင်းပခဲ့သည့် ပွဲဦးထွက်ပွဲမှစ၍ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပရန် စီစဉ်ထားသည်။

မြောက်အမေရိကနိုင်ငံဖြစ်သည့် ကနေဒါကိုလည်း ပြိုင်ဘက်အဖြစ် ပါဝင်လာမည်ဟု မျှော်လင့်ရသော်လည်း လျှောက်လွှာမတင်သွင်းခဲ့ပေ။ အိမ်ရှင်မြို့ ရွေးချယ်မှု၏ နောက်ဆုံးဆုံးဖြတ်ချက်ကို နိုဝင်ဘာလ ၂၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ Mon


# ဩစတြေးလျနိုင်ငံရှိ အပူပိုင်းအမြဲစိမ်းသစ်တောများ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် ပိုမိုထုတ်လွှတ်လာလျက်ရှိ

ကင်ဘာရာ အောက်တိုဘာ ၁၆
ဩစတြေးလျနိုင်ငံရှိ အပူပိုင်းအမြဲစိမ်းသစ်တောများသည် ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းနှင့် ဆက်စပ်၍ "အလွန်စိုးရိမ်ဖွယ်ရာ" ဖြစ်သည့် လမ်းကြောင်းတစ်ခုအဖြစ် သစ်တောများ စုပ်ယူနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ် ပမာဏထက် ပိုမိုထုတ်လွှတ်လာလျက်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့အမြဲစိမ်းသစ်တောများသည် လေထုထဲမှ ကမ္ဘာမြေကို အပူပေးသည့် ဓာတ်ငွေ့အများအပြားကို စုပ်ယူသည့် အရေးကြီးသော "ကာဗွန်စုပ်ယူရာနေရာများ" အဖြစ် ပုံမှန်အားဖြင့် မှတ်ယူကြသည်။

လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် တိုးလာခြင်းက အပင်များ နေရောင်ခြည်ဖြင့် အစာချက်လုပ်ရန် လိုအပ်သည့် အခြေခံဓာတ်အားကို ပိုမိုရရှိစေခြင်းဖြင့် သစ်တောများ ကြီးထွားမှုကို မြှင့်တင်ပေးနိုင်သည်ဟု ခန့်မှန်းတွက်ချက်ခဲ့ကြသည်။

သို့ရာတွင် သုတေသနအသစ်များက အလွန်အမင်းမြင့်မားသည့် အပူချိန်များကြောင့် သစ်တောကြီးထွားမှုထက် သစ်တောများ သေဆုံးမှု ပိုများလာစေခဲ့ပြီး ဩစတြေးလျမြောက်ပိုင်း အပူပိုင်းဒေသရှိ မိုးသစ်တောများသည် ကာဗွန်ထုတ်လွှတ်သည့်နေရာများဖြစ်လာကြောင်း ဖော် လျှအမြဲစိမ်းသစ်တောများ၏ ထုတ်တွေ့ရှိခဲ့သည်။ နောက်ဆုံး အခြေအနေမှာ ဆိုးရွားလာနေသုတေသနရလဒ်အရ ဩစတြေး ကြောင်း သိရသည်။ Mon



# နိုင်ငံတကာ အားကစား သတင်းများ

## ဖရန်ကီဒီယွန်း ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**ဘာစီလိုနာ အောက်တိုဘာ ၁၆**

ဘာစီလိုနာအသင်းသည် ကွင်းလယ်ကစားသမား ဖရန်ကီဒီယွန်းကို ၂၀၂၉ ခုနှစ် အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၇ပွဲကစားကာ ၁၉ဂိုးထိသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဖရန်ကီဒီယွန်းက "ကျွန်တော်အခုလို အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အပေါ်ပုံ)**

**(NGB)**




## 2025 Jiangxi Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၇ ရက်တွင် စတင်မည်

**ပေကျင်း အောက်တိုဘာ ၁၆**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Jiangxi Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၂၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Jiangxi Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Jiangxi Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Jiangxi Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## ၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မော်ရိုကိုနှင့် အာဂျင်တီးနားတို့ တွေ့ဆုံ

**လန်ဒန် အောက်တိုဘာ ၁၆**

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် မော်ရိုကိုအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့သည်။ **(အောက်ပုံ)**

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မော်ရိုကိုအသင်းက ပြင်သစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရယူပြီး အာဂျင်တီးနားအသင်းသည်လည်း ကိုလံဘီယာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မော်ရိုကိုအသင်းနှင့် အာဂျင်တီးနားအသင်းတို့သည် လာမည့် အောက်တိုဘာ ၂၀ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။(NGB)




## နည်းပြ ဂျွန်ဒယ်သောမတ်စ်ဆင်ကို နည်းပြရာထူးမှ ဆွီဒင်အသင်းထုတ်ပယ်

**လန်ဒန် အောက်တိုဘာ ၁၆**

ဆွီဒင်အသင်းသည် အသင်းနည်းပြ ဂျွန်ဒယ်သောမတ်စ်ဆင်အား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။

ဆွီဒင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စု(B)လေးပွဲကစားအပြီးတွင် ရမှတ် ၁မှတ်သာ ရရှိထားပြီး ရလဒ်များ ဆိုးရွားခဲ့ခြင်းကြောင့် နည်းပြ ဂျွန်ဒယ်သောမတ်စ်ဆင်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂျွန်ဒယ်သောမတ်စ်ဆင်သည် ဆွီဒင်အသင်းကို ၂၀၂၄ ခုနှစ် မတ် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၈ပွဲ တွင် ၉ပွဲနိုင်၊ ၂ ပွဲသရေ၊ ၇ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဆွီဒင်ဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်ချက်တွင် "နည်းပြ ဂျွန်ဒယ်သောမတ်စ်ဆင်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## ဘန်ဇီမာကို ခေါ်ယူရန် ဖီနာဘာချီအသင်းစိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၁၆**

ဖီနာဘာချီအသင်းသည် ဆော်ဒီကလပ် အယ်လ်အစ်တီဟတ်အသင်းတိုက်စစ်မှူး ဘန်ဇီမာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်အစ်တီဟတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၇၀ကစားပြီး ၄၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘန်ဇီမာကိုယ်တိုင်ကလည်း ဥရောပသို့ ပြန်လည်လာရောက်ကစားလိုခြင်းကြောင့် ဖီနာဘာချီအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဖီနာဘာချီအသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်တွင် အယ်လ်အစ်တီဟတ်အသင်းထံမှ ဘန်ဇီမာကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



### ဘောလုံးသတင်း အတိုအထွာများ

* ဘာစီလိုနာအသင်းသည် ဆိုစီဒက်အသင်းတိုက်စစ်မှူး အိုယာဇာဘယ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* အာဆင်နယ်အသင်း တိုက်စစ်မှူး ဂျေဇူးသည် လာမည့် ဆောင်းရာသီဈေးကွက် အတွင်းတွင်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာသွားတော့မည်ဖြစ်သည်။

* စပါးအသင်းသည် အီတလီနိုင်ငံသား ပါရာတီခီနှင့် ဒိန်းမတ်နိုင်ငံသား ဂျိုဟန်လန်ရှိတို့ကို အသင်းပူးတွဲအားကစားဒါရိုက်တာအဖြစ် ခန့်အပ်ခဲ့သည်။

**(NGB)**

## နည်းပြ မာရက်စကာ တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေပြစ်ဒဏ် ချမှတ်ခြင်းခံရ

**လန်ဒန် အောက်တိုဘာ ၁၆**

ချဲလ်ဆီးအသင်းနည်းပြ မာရက်စကာသည် နည်းစနစ်ဇရိယာထဲမှထွက်ပြီး ကစားသမားများနှင့် သွားရောက်အောင်ပွဲခံခဲ့မှုကြောင့် တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ စတာလင်ပေါင် ၈၀၀၀ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက လီဗာပူးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် နည်းစနစ်ဇရိယာအတွင်းမှထွက်ပြီး ကစားသမားများနှင့် သွားရောက်အောင်ပွဲခံမှုကြောင့် ယခုလို ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသလို၊ နှစ်ဝါတစ်နီပြစ်ဒဏ်နှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ချဲလ်ဆီးအသင်း နည်းပြမာရက်စကာအနေဖြင့် လာမည့် အောက်တိုဘာ ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ပွဲစဉ်ကို ကြီးကြပ်ခွင့်ရရှိတော့မည် မဟုတ်ပေ။ **(ယာပုံ)**

အသက်(၄၅)နှစ်အရွယ်ရှိ နည်းပြမာရက်စကာသည် ချဲလ်ဆီးအသင်းကို ၂၀၂၄ခုနှစ် ဇူလိုင် ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၄ ပွဲတွင် ၄၆ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၁၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။ **(NGB)**




### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁၀-၂၀၂၅ | (၂) မစ်ဒယ်ဘာရော - အစ်ဆွစ်ချ်(၉) | မစ်ဒယ်ဘာရော ၀-၂ အစ်ဆွစ်ချ် | မစ်ဒယ်(အိမ်) | ၄ | ၃ | ၁ | - | ၄ | ၁ |
| နံက် ၀၁:၃၀နာရီ | (D,W,D,D,L) (D,W,W,D,W) | အစ်ဆွစ်ချ် ၁-၁ မစ်ဒယ်ဘာရော | အစ်ဆွစ်ချ်(ဧည့်) | ၃ | - | ၂ | ၁ | ၂ | ၃ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁၀-၂၀၂၅ | (၁) PSG -စထရာဘို့(၃) | PSG ၄-၂ စထရာဘို့ | PSG (အိမ်) | ၃ | ၃ | - | - | ၅ | - |
| နံနက် ၀၁:၁၅နာရီ | (W,W,L,W,D) (L,W,W,L,W) | စထရာဘို့ ၂-၁ PSG | စထရာဘို့(ဧည့်) | ၃ | ၂ | - | ၁ | ၆ | ၅ |

### ဂျာမန်ဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁၀-၂၀၂၅ | (၁၁) ယူနီယံဘာလင် - ဂလာဘတ်(၁၇) | ယူနီယံဘာလင် ၁-၂ ဂလာဘတ် | ယူနီယံ(အိမ်) | ၃ | ၁ | ၁ | ၁ | ၄ | ၅ |
| နံနက် ၀၁:၀၀နာရီ | (L,L,W,D,L) (L,L,D,L,D) | ဂလာဘတ် ၁-၀ ယူနီယံဘာလင် | ဂလာဘတ်(ဧည့်) | ၂ | - | ၁ | ၁ | ၁ | ၂ |

### စပိန်လာလီဂါဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၈-၁၀-၂၀၂၅ | (၁၇) အိုဗီအေဒို - အက်စ်ပန်ညို(၉) | အိုဗီအေဒို ၂-၀ အက်စ်ပန်ညို | အိုဗီအေဒို(အိမ်) | ၄ | ၁ | - | ၃ | ၂ | ၈ |
| နံနက် ၀၁:၃၀နာရီ | (L,L,L,W,L) (W,L,D,D,L) | အက်စ်ပန်ညို ၂-၁ အိုဗီအေဒို | အက်စ်ပန်(ဧည့်) | ၃ | - | ၂ | ၁ | ၂ | ၄ |

## စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်ဇနီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၁၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့် ဇနီးတို့သည် ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညို လေ့လာကြသည်။

ဦးစွာ ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှည့်လည်ကြည်ညိုကြပြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီး အောက်ပစ္စယာ သိင်္ဂုတ္တရ ဥယျာဉ်တော်ရှင်ဥပဂုတ္တမဂ်လာကန်တော်အတွင်းရှိ ငါးများကို ငါးစာကျွေး၍ ကုသိုလ်ပြုကြသည်။

ထို့အတူ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Vyacheslav KALGANOV နှင့် ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ရုရှား-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် အခြေခံပညာ



ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုရပန်းချီကားများ ပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ကဗျာလွတ်အကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ က သီဆိုကပြဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပန်းခြင်း ပေးအပ်သည်။

### အပြန်အလှန်ဆွေးနွေး

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးသို့ ရောက်ရှိပြီး ကော်မတီရုံး၌ နှစ်နိုင်ငံ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်ကို လည်းကောင်း၊ ကျောက်တန်းမြို့ ဆေးဘိုဝကျေးရွာရှိ ချစ်ခြင်းမေတ္တာ ပရဟိတဂေဟာကို လည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုသတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိ ပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ပသို့ ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် မက်ကဒေးမီးယားသီးနှံများ ရောင်းချခွင့်ရရှိ

**မန္တလေး အောက်တိုဘာ ၁၆**

ပြည်တွင်း၌ မက်ကဒေးမီးယား သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ရရှိထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

တရုတ်နိုင်ငံ ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ပြီးခဲ့သည့် စက်တင်ဘာလကုန်မှ စတင်၍ တရုတ်အကောက်ခွန်အထွေထွေ အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC)တို့အကြား သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည်ဟု ဆိုသည်။

"ပြည်တွင်းမှာ စိုက်ပျိုးထွက်ရှိတဲ့ မက်ကဒေးမီးယားအစေ့တွေကို အခွံခွာပြီး အမျိုးအစားခွဲတယ်။

ရေဓာတ်ခန်းခြောက်အောင် အခြောက်ခံတယ်၊ အင်းဆက်ပိုးမွှားတွေနဲ့ အခြားအညစ်အကြေးတွေ ကင်းစင်အောင်လုပ်ရမယ်။ သတ်မှတ်ထားတဲ့ ပိုးမွှား (၄) မျိုး မပါဝင်ဖို့လိုပါတယ်" ဟု ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။

ထိုသို့တင်ပို့ရာ၌ GACC အဖွဲ့၏ ခွင့်ပြုချက်ရရှိရန်လိုအပ်ပြီး တင်ပို့ရန်ပြုပြင်ရာတွင် မှိုတက်နေသော အစေ့များ၊ အခွံများ၊ ပေါင်းပင်မျိုးစေ့များ မပါရှိရေးကို ဂရုပြုရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းပြုလုပ်မည့်လုပ်ငန်းစဉ်များကို တရုတ်နိုင်ငံက စစ်ဆေးမည် ဖြစ်သည်။

"သတ်မှတ်စံနှုန်းတွေနဲ့ ကိုက်ညီအောင်လုပ်ဆောင်တဲ့ လုပ်ငန်းတွေကို GACC ထံ ပေးပို့ရမှာဖြစ်ပြီး အရည်အသွေးပြည့်မီရင် မှတ်ပုံတင်စာရင်းသွင်းသွားမယ်။ တရုတ်ကို တင်ပို့တဲ့အခါ အစေ့တွေကို ဖိတ်စင်မှုမရှိဖို့၊ အစားအသောက်ဆိုင်ရာ ဘေးကင်းရေးနဲ့ အပင်ပိုးမွှားကင်းစင်ပြီး ကျန်းမာရေးနဲ့ ညီညွတ်ဖို့လိုပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ မက်ကဒေးမီးယားစေ့သည် ကျန်းမာရေးအတွက် အထောက်အကူပြုပြီး ရှမ်းပြည်နယ်တွင် အဓိကစိုက်ပျိုးကာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အတွင်း စိုက်ပျိုးကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ စိုက်ဧက ၁၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

၀-၀-၀

# အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏လမ်းညွှန်မှုနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် Fitness Dance အဖွဲ့တို့အား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့သည်။

၎င်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဆိုပါကျောင်းရှိ အောင်တံခွန်ခန်းမတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အမျိုးသားစာပေအမွေ ထိန်းသိမ်းစို့လေ ဂုဏ်ပြုသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ၏ အနာဂတ်ကြယ်ပွင့်များဖြစ်သည့် လူငယ်လူရွယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်ပေးနိုင်မည့် လူသားအရင်းအမြစ်အင်အားတစ်ခုဖြစ်ပြီး ဗလငါးတန်နှင့် အသိပညာဗဟုသုတများပြည့်စုံရန်၊ စာအုပ်၊ စာစောင်များ ပြည့်စုံစွာထားရှိပေးနိုင်ရန်၊ စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ရန်တို့အတွက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ၊ စာအုပ်လှူဒါန်းပွဲများကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသူများဖြစ်လာအောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖြစ်မြောက်ရေးတွင် ပိုင်းဝန်းကူညီအားဖြည့်ပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီးနောက် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌတို့က အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ကျောင်းအုပ်ကြီးထံသို့ လှူဒါန်းပေးအပ်ခဲ့သည်။

၎င်းနောက် ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ပြီးနောက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ကြည်နူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ လမ်းညွှန်မှုနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၅ ခုနှစ်၊ ဖွန်လမှစ၍ ဒီဇင်ဘာလအထိ (၆) ကြိမ်ကျင်းပသွားမည်ဖြစ်ပြီး ယခုအခမ်းအနားသည် ပထမဆုံး ကျင်းပသည့် ပွဲတော်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀





# ဈေးများတွင် မှုစ်နှင့် ငပိရောင်းချသူများအား ဆိုးဆေးများ သုံးစွဲမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဈေးချိုဇရိယာနှင့် ၄၁လမ်း ကုန်စိမ်းဈေးတို့မှ မှုစ်နှင့် ငပိရောင်းချသူများကို ဆိုးဆေးများသုံးစွဲမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ဈေးချိုဈေးရုံးတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ ဈေးဌာနခွဲ ဌာနခွဲမှူး ဒေါ်အိရွှေစင်နှင့် တာဝန်ရှိသူများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေး) ဦးစီးအရာရှိ ဒေါ်ဟေမာန်ထွန်းနှင့် တာဝန်ရှိသူများ၊ ဈေးချိုဇရိယာနှင့် ၄၁လမ်း ကုန်စိမ်းဈေးတို့မှ မှုစ်နှင့်ငပိရောင်းချသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဈေးဌာနခွဲမှူးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးဌာန ဦးစီးအရာရှိက အစားအသောက်အတွင်း ထည့်သွင်းအသုံးပြုသည့် ဆိုးဆေးများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



အစားအစာများတွင် အသုံးပြုသည့် ခွင့်ပြုဓာတုဆိုးဆေးများအား သတ်မှတ်ပမာဏထက်ပိုမိုသုံးစွဲခြင်း သို့မဟုတ် ခွင့်မပြုဆိုးဆေးများ သုံးစွဲခြင်းများသည် ကျန်းမာရေးဘေးအန္တရာယ်ရှိသည်။ ခွင့်မပြုဆိုးဆေးပါဝင်သော အစားအသောက်များ စားသောက်မိပါက အရေပြားနှင့်မျက်လုံးရောဂါများ၊ အသက်ရှူလမ်းကြောင်းရောဂါများ၊ အစာအိမ်အူလမ်းကြောင်းရောဂါများ၊ ဦးနှောက်နှင့် အာရုံကြောရောဂါများ၊ အသည်းနှင့် ကျောက်ကပ်ပျက်စီးခြင်းတို့အပြင် အခြားကင်ဆာရောဂါများဖြစ်ပေါ်စေနိုင်ပြီး ဘေးထွက်ဆိုးကျိုးများမှ ကာကွယ်နိုင်ရန် သဘာဝအစားအစာများ သို့မဟုတ် သဘာဝဆိုးဆေးများဖြင့်သာ ပြုလုပ်ထားသော အစားအစာများကိုသာ ရွေးချယ်စားသုံးခြင်း၊ အမှတ်တံဆိပ်ပါ ပါဝင်ပစ္စည်းများအား သေချာဖတ်ရှုခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်းများအား စောင့်ကြည့်လေ့လာခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရုံး (မနော်ရမ္မ) တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၆)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရိုး ၁၇၅ စည်း၊ ကျောက်ဖရုံသီး ၂ လုံး၊ ဘူးသီး ၁ လုံး၊ ချဉ်ပေါင် ၄၁၀ စည်း၊ သခွားသီး ၄၀ လုံး၊ ဌက်ပျောသီး ၁၀ ဖီးနှင့် ငွေနှင်းမှို ၁၀၀ ထုပ်တို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရှိ ဝန်ထမ်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်းများကို ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



ခရေ

ခရေပင်ရဲ့ အခေါက်၊ အပွင့်နဲ့ အရွက်က စလို့ အသီးပါမကျန် ဆေးဖက်ဝင်တဲ့အတွက် ကျန်းမာရေးအတွက် အထောက်အကူပြုပါတယ်။

ခရေပင်၏ အခေါက်သည် ချို၏၊ ခါး၏၊ အေး၏၊ နှလုံးကို အားရှိစေ၏၊ ဝမ်းမီးကို ပွားစေ၏၊ ရောဂါပိုးတို့ကို နိုင်၏၊ သွားဖုံးရောဂါကို အကျိုးပြု၏၊ သည်းခြေဖောက်ပြန်ခြင်းကို ပျောက်ကင်းစေ၏။ အသီးသည် နှုတ်ကို မြိန်စေ၏၊ သွားတို့ကို ခိုင်စေ၏၊ ချို၏၊ သလိပ်၊ သည်းခြေကို နိုင်၏။ အစေ့သည် လှုပ်နေသော သွားတို့ကို ခိုင်စေ၏၊ ရှုပေးပါက ခေါင်းကိုက်ခြင်းကို ပျောက်ကင်းစေ၏။

ခရေပွင့်ကို တစ်ညလုံး ရေစိမ်၍ နံနက်တွင် ထိုစိမ်ရည်ကိုစစ်ပြီး ကလေးအား တိုက်ပေးလျှင် ချောင်းဆိုးရောဂါပျောက်၏။

ခရေပွင့်အစိုကို မီးယပ်ဖြူရောဂါနဲ့ သွားရောဂါအတွက် အသုံးပြု၏။

ခရေပွင့်အခြောက်ကို သနပ်ခါးဖြင့် ရောပြီး သွေးလိမ်းပါက အပူကြောင့်ဖြစ်သော မိတ်နာ၊ ယားနာများ လျင်မြန်စွာ ပျောက်ကင်း၏။

အခေါက်ပြုတ်ရည်ကို သောက်ခြင်း၊ အပွင့်ကို ရှုခြင်း၊ အသီးကိုစားခြင်းပြုလုပ်လျှင် နှလုံးရောဂါပျောက်ကင်းစေ၏။

ခရေခေါက်၊ ဆီးဖြူခေါက်၊ ရှားခေါက် သုံးမျိုးရောပြုတ်၍ ငုံပေးခြင်းဖြင့် ပါးစပ်၌ မုက္ခရုပေါက်ခြင်း၊ သွားဖုံးရောင်ခြင်း၊ ပါးစပ်၌ အပူလောင်ခြင်း၊ ရေစီးကမ်းပြိုဖြစ်ခြင်း စသော ခံတွင်းနာအားလုံးပျောက်ကင်းစေ၏။

အခေါက်ပြုတ်ရည်ကို ဖန်ဆေးရည်အဖြစ် အသုံးပြုနိုင်၏။

အဆက်မပြတ်သွားနေသော ဝမ်းရောဂါအတွက် အစေ့ကို ရေအေးနှင့် သွေးသောက်ခြင်း၊ ခရေသီးအမှည့်၏ အသားကို စားပေးခြင်းဖြင့် ပျောက်ကင်းစေ၏။

ခရေပင်ရဲ့ အစေ့က သွေးချိုကျစေနိုင်ပြီး အင်ဆူလင်ဟော်မုန်းထွက်ရှိစေဖို့ လှုံ့ဆော်ပေးတဲ့အတွက် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေး၏။ ဆီးချိုရောဂါရှိသူတွေအတွက် အသုံးပြုပေးနိုင်၏။

ခရေက ကောင်းမွန်စွာအိပ်ပျော်စေဖို့အတွက် စိတ်တည်ငြိမ်စေနိုင်တဲ့ မယ်လတိုနင်ဟော်မုန်းထွက်ရှိစေဖို့ လှုံ့ဆော်ပေးပါတယ်။ အိပ်စက်မှုဖြစ်စဉ်ကို မှန်ကန်စေပြီး ပြည့်ဝတဲ့ အိပ်စက်မှုကို ရရှိစေနိုင်၏။

ခရေက နှလုံးသွေးကြောတွေကို ကျန်းမာစေနိုင်ပါတယ်။ ခရေမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်တဲ့ Anthocyanin က သွေးထဲက အကျိုးမပြုတဲ့ ကိုလက်စထရောတွေကို ကျဆင်းစေနိုင်ပါတယ်။ သွေးပေါင်ချိန်ကိုလည်း ထိန်းညှိပေးပြီး သွေးကြောတွေကို သွေးစီးဆင်းမှုကောင်းအောင် လုပ်ဆောင်ပေးပါတယ်။ လေမဖြတ်စေဖို့ ကာကွယ်ပေးနိုင်ပါတယ်။

ခရေသီးက အစာခြေစနစ်ကို ကျန်းမာစေပြီး အူမကြီးရဲ့ လုပ်ဆောင်မှုတွေကို ကောင်းမွန်စေပါတယ်။ ပုံမှန် ထိုက်သင့်တဲ့ ပမာဏစားသုံးပေးပါက အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။

ကယ်လ်လိုရီ ပါဝင်မှုနည်းတဲ့ ခရေသီးက ဝိတ်ကျချင်သူတွေကို အကောင်းဆုံးထောက်ကူပေးနိုင်ပါတယ်။ ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်စေနိုင်ပြီး ကိုယ်တွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပါတယ်။

ခရေမှာ ပိုတက်စီယမ် ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ထဲက ဆိုဒီယမ်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။ ကိုယ်တွင်းမှာ ဆိုဒီယမ်နဲ့ ပိုတက်စီယမ် ပမာဏမျှတအောင် ထိန်းပေးပြီး သွေးမတိုးစေဖို့ ထောက်ကူပေးပါတယ်။

ခရေက အရောင်ကျစေပြီး ကြွက်သားတွေ နာကျင်တာကို သက်သာစေပါတယ်။ အရေပြားပေါ်မှာ တိုက်ရိုက်အသုံးပြုပေးလို့လည်း ရပါတယ်။

အဆစ်ရောင်ဖြစ်နေသူတွေအနေနဲ့ အဆစ်တွေ ကိုက်ခဲနာကျင်တာကို သက်သာစေဖို့ ခရေကို အသုံးပြုလို့ရပါတယ်။ အရိုးပွတာကြောင့် နာကျင်မှုတွေကို သက်သာစေဖို့လည်း အသုံးပြုပေးလို့ ရပါတယ်။

ခရေက ဘေးထွက်ဆိုးကျိုး သိပ်မရှိပါဘူး။ တန်ဆေး လွန်ဘေးဆိုသလို အများကြီး စားမိရင် လေချုပ်တာမျိုးတော့ ဖြစ်နိုင်ပါတယ်။

ဆီးချိုရှိသူတွေအနေနဲ့ ဆီးချိုဆေးနဲ့အတူ တွဲသောက်တာမျိုး မလုပ်သင့်ပါဘူး။ သွေးတွင်းသကြားဓာတ် အလွန်အကျွံကျဆင်းသွားနိုင်လို့ပါ။

အစာဓာတ်မတည့်မှု ဖြစ်စေနိုင်တာကြောင့် ဓာတ်မတည့်မှုခံစားဖူးသူတွေအနေနဲ့ သတိထားဖို့ လိုပါတယ်။ သဘာဝဆေးဖက်ဝင်ဆိုပေမယ့် ဓာတုဗေဒနည်းအရ သန့်စင်ထားခြင်းမရှိရင် ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်နိုင်တာကို သတိထားဖို့လို အပ်ပါတယ်။



ဇီဇဝါ

ဇီဇဝါမှာပါဝင်တဲ့ ဒြပ်ပေါင်းနှစ်မျိုးဖြစ်တဲ့ Genipocytes နဲ့ Genipins တို့က အရောင်ကျစေနိုင်ပါတယ်။ ခန္ဓာကိုယ်ကို ရောဂါပိုးတွေနဲ့ ပြင်ပက ဓာတ်မတည့်မှုဖြစ်စေနိုင်တဲ့ အရာတွေကြောင့် ထိခိုက်မှုကနေ ကာကွယ်ပေးပါတယ်။

ကိုယ်တွင်းမှာ သွေးဖြူဥဆဲလ် ထွက်ရှိမှုတိုးစေပြီး ဖရီးရက်ဒီကယ်လ်တွေကြောင့် ထိခိုက်မှုကင်းစေပါတယ်။

ဇီဇဝါပန်းရဲ့ရနံ့က စိတ်ခံစားမှုကို ကောင်းစေပြီး စိတ်အပန်းပြေစေသလို ကိုယ်စိတ်အပန်းပြေစေနိုင်တဲ့ အာနိသင်ရှိပါတယ်။ အာရုံကြောဆဲလ်တွေကို အနားရစေပြီး စိတ်ဖိစီးမှုကို ပြေလျော့စေနိုင်ပါတယ်။ ကောင်းကောင်းအိပ်ပျော်စေဖို့ကိုလည်း ထောက်ကူပေးနိုင်ပါတယ်။

သုတေသနရလဒ်တွေအရ ဇီဇဝါပင်ရဲ့ အသီအနှစ်က ကိုယ်တွင်းအဆီပိုတွေကို ဖယ်ရှားပေးနိုင်သလို ဓာတ်တိုးဆန့်ကျင်အာနိသင်တွေ ပါဝင်နေတာကြောင့် အဝလွန်တာမျိုးမဖြစ်အောင် ကာကွယ်ပေးပါတယ်။

ဇီဇဝါပန်းမှာ Genipin နဲ့ Ursolic အက်စစ်တွေပါဝင်တာကြောင့် အစာခြေစနစ်ကို ထောက်ကူပေးပါတယ်။ အစာအိမ်ရောင်တာ၊ နာတာ၊ အစာခြေအက်စစ်ပြန်ဆန်တက်တာ၊ အစာအိမ်ပိုးဝင်တာမျိုးတွေကို သက်သာစေဖို့လုပ်ဆောင်ပေးပါတယ်။

ဇီဇဝါပင်ရဲ့ အသီအနှစ်က ကိုယ်တွင်းက အဆီတွေကို ဖယ်ရှားပေးနိုင်သလို အင်ဆူလင်ထွက်ရှိအောင် လှုံ့ဆော်ပေးပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပါတယ်။

ဇီဇဝါပန်းအသီအနှစ်က သွေးလည်ပတ်မှုကို အားကောင်းစေပြီး ကိုယ်တွင်းမှာ လုံလောက်တဲ့ အောက်ဆီဂျင်နဲ့ အာဟာရတွေကို ရရှိစေဖို့ ကူညီပေးပါတယ်။

အထိုင်များတာ၊ လှုပ်ရှားမှုများတာတွေကြောင့် နာကျင်တာမျိုးတွေ သက်သာစေရန် ဇီဇဝါပန်းကို အသုံးပြုပေးလို့ရပါတယ်။ ဇီဇဝါပန်းက နာကျင်မှုကို သက်သာစေနိုင်သလို အရိုး၊ အကြောနဲ့ ကြွက်သားတွေကို သက်သောင့်သက်သာဖြစ်စေနိုင်ပါတယ်။ ခေါင်းကိုက်တာ၊ ကြွက်သားတွေကိုက်ခဲတာကို သက်သာစေသလို ခြေကုန်လက်ပန်းကျတာကို သက်သာစေနိုင်ပါတယ်။

ဇီဇဝါပန်းရဲ့ ရနံ့က စိတ်ခံစားမှုကောင်းစေသလို အသက်ရှုလမ်းကြောင်းကိုလည်း ကျန်းမာစေနိုင်ပါတယ်။ နှာခေါင်းပိတ်ခြင်း၊ ရင်ကြပ်ခြင်းတွေကို သက်သာစေရန် ပန်းအဆီကို ရေနွေးထဲထည့်ပြီး ရေနွေးငွေ့ရှုပေးလို့ရပါတယ်။

အသက်ကြီးတဲ့လူကြီးတွေ မှတ်မိနိုင်စွမ်းကျဆင်းလာတာ၊ သိမြင်မှုစွမ်းရည်ကျဆင်းလာတာတွေကို သက်သာစေဖို့လည်း အသုံးပြုနိုင်ပါတယ်။ ဦးနှောက်ကို ကျန်းမာစေပြီး လုပ်ငန်းဆောင်တာတွေကို လုပ်ဆောင်နိုင်စေဖို့ ထောက်ကူပေးနိုင်ပါတယ်။

ဆီးလမ်းကြောင်းပိုးဝင်တာအပါအဝင် ဆီးလမ်းကြောင်းမှာ ဖြစ်တတ်တဲ့ ကျန်းမာရေးပြဿနာတွေကို သက်သာစေဖို့လည်း အသုံးပြုပေးလို့ ရပါတယ်။

အသားအရေမွဲခြောက်နေရင်လည်း ဇီဇဝါပန်းကို အသုံးပြုလို့ရပါတယ်။ ဇီဇဝါပန်းက အရေပြားကို အစိုဓာတ်ထိန်းပေးပြီး အရေပြားပေါ်က ဆဲလ်သေတွေကို ဖယ်ရှားပေးသလို ဆဲလ်အသစ်တွေဖြစ်စေဖို့လည်း အထောက်အကူပြုပေးပါတယ်။

ဇီဇဝါပန်းက ကျန်းမာရေးအတွက် ကောင်းတယ်ဆိုသော်လည်း တန်ဆေး လွန်ဘေးဆိုသလို အများကြီး မသုံးသင့်ပါဘူး။ ရောဂါအခံရှိသူတွေ၊ ကျန်းမာရေးပြဿနာများကြောင့် ဆေးသောက်နေရသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ နို့တိုက်မိခင်တွေအနေနဲ့ ဆရာဝန်နဲ့တိုင်ပင်ပြီးမှ အသုံးပြုသင့်ပါတယ်။



မှိုနားတို

မှိုနားတိုဟာ အလေ့ကျပေါက်တတ်တဲ့ အပင်ပါ။ မှိုနားတိုဟာ အဖိုးတန်တဲ့ ဆေးဖက်ဝင် အပင်ငယ်လေးပါ။ အပင်စိုက်တောင်သူတွေကတော့ သူတို့ကို ပေါင်းပင်အဖြစ်သတ်မှတ်ပြီး နုတ်ပစ်တတ်ကြပါတယ်။

မှိုနားတိုဟာ ဆီးကျောက်တည်ခြင်း၊ သည်းခြေအိတ်ကျောက်တည်ခြင်းတို့အတွက် အထူးထိရောက်ပါတယ်။

အပူကြီးပြီး တက်တတ်တဲ့ ကလေးငယ်များအတွက်လည်း အလွန်အသုံးဝင်ပါတယ်။

အရိုးကျိုးပေါင်းတက်တဲ့နေရာတွေကို မှိုနားတိုကို အရည်ညှစ်ပြီး လိမ်းပေးရင် သက်သာပျောက်ကင်းစေပါတယ်။ သုံးခွက်တစ်ခွက်တင်ကျိုပြီး သောက်သုံးရင်လည်း ရပါတယ်။

အဆစ်အမြစ်ရောင်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ အနာများဖြစ်ပါက မှိုနားတိုသတ္တုရည်ကို လိမ်းပေးရင် ပျောက်ကင်းပါတယ်။



ခွေးသေးပန်းပင်

ခွေးသေးပန်းပင်ဟာ ပူဒီနာအမျိုးအနွယ်ဖြစ်ပြီး စိတ်တည်ငြိမ်မှုပေးနိုင်တဲ့ ဆေးဖက်ဝင်အပင်ဖြစ်ပါတယ်။ စိုးရိမ်ကြောင့်ကြမှုများ လျော့ကျစေပြီး အိပ်ပျော်စေရန်နှင့် အစာမကြေခြင်းများအတွက် အသုံးပြုကြပါတယ်။

ခွေးသေးပန်းရွက်မှာ အင်န်တီအောက်ဆီးဒင့်များ ကြွယ်ဝစွာပါဝင်တာကြောင့် နာကျင်ကိုက်ခဲခြင်းနဲ့ ရောင်ရမ်းခြင်းကို သက်သာစေနိုင်ပါတယ်။ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်စ်များကို ဆန့်ကျင်တိုက်ထုတ်ပေးနိုင်တဲ့ အစွမ်းသတ္တိလည်း ရှိပါတယ်။

ခွေးသေးပန်းရွက်ကို အရည်ညှစ်၍ ထမင်းစားဇွန်းတစ်ဇွန်းခန့် တစ်နေ့လျှင် သုံးကြိမ်သောက်ပေးနိုင်ပါတယ်။ ဒါမှမဟုတ် ခွေးသေးပန်းရွက်ကို အခြောက်လှန်းပြီး ရေနွေးထဲလက်ဖက်ခြောက်ခတ်သလိုလည်း သောက်သုံးနိုင်ပါတယ်။

ကိုယ်ဝန်ဆောင်မိခင်များနဲ့ နို့တိုက်မိခင်များအတွက်မူ ခွေးသေးပန်းရွက်ကို ပမာဏများများ အသုံးမပြုသင့်ပါ။ ကလေးသူငယ်များကို ပါးစပ်မှ တိုက်ကျွေးရာတွင်လည်း ပမာဏ မများစေရန် သတိပြုရပါမည်။

**"အာရောဂျံ ပရမံ လာဘံ"**

ကိုးကား – Tik Tok

## စာအုပ်ခင်းကျင်း

| | |
|---|---|
| စာအုပ်အမည် | - ဘာထရန်ရပ်ဆယ်လ် ဘဝ |
| စာရေးသူ | - ဆန်းလွင် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| စာမျက်နှာ | - ၃၂၅ မျက်နှာ |
| တန်ဖိုး | - ၁၃၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - စဒဲလား |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယအကြိမ်) |



၁၉၆၇ ခုနှစ် ပုညစာပေတိုက်မှ ပထမအကြိမ်မူအတိုင်း ပြန်လည်ထုတ်ဝေခြင်း ဖြစ်သည်။ စာအုပ်တွင် ပန်းခြံထဲက ကလေးငယ်၊ အမြဲစကားပြောနေခဲ့သူ၊ ဘာလင်နှင့် မှော့က်စ်ဝါဒ၊ ပါရမီရှင်တို့၏ အလုပ်၊ သင်္ချာနှင့် ဒဿနပညာ၊ ဖော်ပြခြင်းသဘောတရား၊ စာပေသုံးသပ်ချက်နှင့် နိုင်ငံရေး၊ ဆိတ်ငြိမ်သောဘဝလေးတစ်ခု၊ ကိန်းဘရစ်(ချ်)တက္ကသိုလ်နှင့် ဟားဘတ်တက္ကသိုလ်၊ ပထမကမ္ဘာစစ်ကြီး၊ ဘရစ်တန်ထောင်က အကျဉ်းသား၊ စိတ်ကိုခွဲခြမ်း စိတ်ဖြာရှုခြင်း၊ ဖော်ရီဗစ်တို့ ကမ္ဘာသို့၊ ပျော်စရာကောင်းပါတဲ့ တရုတ်ပြည်၊ အမေရိကန်ကထိကဘဝ၊ ရပ်ဆယ်လ်နှင့် ရီလေတီဗတီ၊ ဘေကွန်တောင် ကုန်းပေါ်ကကျောင်း၊ အိမ်ထောင်ရေးနှင့် ကိုယ်ကျင့်တရား၊ လက်ပန်းမကျသော စာရေးဆရာဘဝ၊ အမေရိကမှ အပယ်ခံဘဝ၊ ပုန်ကန်သူတို့ ရိုက်ချိုးကြရပြီ၊ ဩစတြေးလျသို့ ခရီးတစ်ထောက်၊ မဆုံးသေးသော လောကအမြင်၊ အလုပ်နှင့် လက်နှင့် မကွာသေး၊ အသက်(၉၀)ကျော် လူငယ်ကလေး၊ ဘာထရန်ရပ်ဆယ်လ်၏ ကိုယ်ရေးအကျဉ်းရေးခဲ့သည့် စာအုပ်များကို ဖတ်ရှုရမည် ဖြစ်သည်။

မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ရွှေအစဉ်အလာ ဆုံးမစာပေါင်းချုပ် |
| စာရေးသူ | - ဆရာတော်ကြီးများ |
| ထုတ်ဝေသည့်စာပေတိုက် | - အပါးတော်မြဲစာပေ |
| စာမျက်နှာ | - ၈၆၈ မျက်နှာ |
| တန်ဖိုး | - ၂၅၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - ဝင်းမြင့်ဦး၊ အော်ပီကျယ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ (ဒုတိယအကြိမ်) |

ပထမအကြိမ်ထုတ်ဝေစဉ်က မပါဝင်ခဲ့သော မြန်မာစာပေနယ်မှ ဆုံးမစာအချို့ကို ပြန်လည်ဖြည့်စွက်ထုတ်ဝေထားသည့် စာအုပ်ဖြစ်သည်။ "နှလုံးလှ ဆုံးမစာပေါင်းချုပ်ကြီး" နှင့် "ဟံသာဝတီ ဆုံးမစာပေါင်းချုပ်" စာအုပ် နှစ်အုပ်အား ပေါင်း၍ ထုတ်ဝေထားကာ နှစ်အုပ်လုံးတွင် မပါဝင်သေးသော ကိုးဆောင်ဆရာတော် ဆုံးမစာကိုလည်း ထပ်မံဖြည့်စွက် ရိုက်နှိပ်ထားသည်။

ဘဝအတွက် ပြုပြင်နေထိုင်ကျင့်ကြံရမည့် နီတိဆုံးမစာများဖြစ်၍ လက်စွဲဖတ်သင့်သည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရာဇရွှေပြည် မန်းဌာနီ

* ရွှေးမွန်မဆွ ရတနာပူရ
ညီညာပမြေ စည်လိုပြေ(ပြည်)ကား
ဗုဒ္ဓေဂါတမ တဘောင်ချသည်
တောင်လှဒီမြေ ခန့်လှပေမို့။

* မြစ်မင်းရော မေးတင်ပါပေ့
နောက်မှာစစ်ကိုင်း ဇေယျာတိုင်းနှင့်
မှိုင်းညို့ရိပ်မှောင် မောရှမ်းတောင်တို့
မသွေအောင်ထွန်း ပြည်ကားမွမ်းတည်
မင်းတုန်းပြည်တည့် ရွှေပြည်တည့်။

* ကျုံးရေပတ်လည် မြို့ရိုးထယ်၍
ပြအိုးပစွင် လေးရပ်ခွင်လည်း
မျှော်စင်ခန့်ညား "ဝင်း"တို့ပါးမှာ
မနားမင်းထမ်း စည်သံလွှမ်းသည်
မျှော်မှန်းတမ်းတ နေပြည်အလှ။

* ရာဇဌာနီ မင်းနေပြည်ကား
သူတည်သပ်ရပ် မြို့တည်အပ်မို့
အရပ်တကာ ပြည်ဝှမ်းမှာလေ
ရတနာရွှေပြည် မန်းရွှေပြည်တည့်
မန်းရွှေပြည်။ ။

ဝေယံမိုးခိုင်(မန်း)



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မြို့နယ်အဆင့် အင်္ဂလိပ်ဘာသာရပ်နှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်၊ နံနက် ၉ နာရီက မိုင်းရှူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ဝိုင်းပြုလုပ်

**မြစ်သား အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် (Book Club) အဖွဲ့ဝင်တို့ ပူးပေါင်း၍ စာရေးဆရာ AO ညွန့်မောင် (မြစ်သား) ရေးသားသော "မြစ်သားသမိုင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က စာဖတ်ခြင်းမှရရှိသည့် အသိပညာဗဟုသုတများသိရှိစေရန် ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာပေချစ်မြတ်နိုးသူများအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် စာဖတ်ဝိုင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ (ယာပုံ)

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်က "မိုင်းမောပင်လယ် ပျူမြို့ဟောင်းအကြောင်းနှင့် ပြကွှရွှေတောင် စွယ်တော်ရှင်ဘုရားသမိုင်းအကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာကြသော စာပေဝါသနာရှင်များနှင့် စာဖတ်ပရိသတ်များက အပြန်အလှန် ဆွေးနွေးခဲ့သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (Book Club) အဖွဲ့ဝင်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဝါဝါမြင့် (မြစ်သား)**







သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များ သည်သရက်မြို့နယ်၊ အင်းမငယ်ကျေးရွာအုပ်စု၊ သရက်-မင်းတုန်းလမ်းဘေးရှိ (AY)စက်သုံးဆီဆိုင်အား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့စဉ်။ (ကဆ)

## မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြသ

**တောင်တွင်းကြီး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြသခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ရွှေကြာအင်း(၁)ရပ်ကွက်ရှိ မြို့မဈေးကြီး၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးတာဝန်ခံများနှင့် တာဝန်ရှိသူများက ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ စနစ်တကျထားရှိခြင်း ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများကောင်းမွန်ခြင်း ရှိ၊ မရှိ၊ ဆိုင်ခန်းများတွင် တပ်ဆင်ထားသည့် လျှပ်စစ်မီးကြိုးများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ မြို့မဈေးအတွင်း၌ မီးငြိမ်းသတ်ရေးအတွက်ဆောင်ရွက်ထားရှိသော ရေလှောင်ကန်များ၊ အမြင့်တင်ရေစင်များ၊ မီးချိတ်၊ မီးကပ်၊ မီးသတိပေးစာတမ်းများ၊ လျှပ်စစ်ဝါယာသွယ်တန်းမှုစနစ်များ ကောင်းမွန်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြို့မဈေးအတွင်း မီးငြိမ်းသတ်ရန် အသင့်တပ်ဆင်ထားရှိသည့် မီးသတ်ပစ္စည်းများ အသုံးပြု၍ မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နောင်နောင် (မိဿနီးမြေ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောက်တိုဘာ ၁၂ ရက် ညနေ ၃နာရီက ရမည်းသင်းမြို့နယ်၊ ရွှေဒါးကျေးရွာအနီးတွင် ရဲမင်း(ခ)ပြူးကျယ်၊ ပြည့်ဖြိုးလွင်(ခ)အငယ်ကောင်နှင့် ရဲမြင့်ကျော်(ခ)ရဲဘော်ဆိုသူတို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေး ၉၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရဲမင်း(ခ)ပြူးကျယ်(၃၃)နှစ်၊ ပြည့်ဖြိုးလွင်(ခ)အငယ်ကောင်(၂၉)နှစ်နှင့် ရဲမြင့်ကျော်(ခ)ရဲဘော်(၂၈)နှစ်ဆိုသူတို့အား ရွာတန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ဓားရှည်ကိုင်ဆောင်ရမ်းကားနေသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူ

**လားရှိုး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တို့၌ ဓားရှည်ကိုင်ဆောင်ရမ်းကားနေသူ အမျိုးသား နှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၃ ရက် နံနက် ၁ နာရီ ၂၀ မိနစ်တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် လားရှိုးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၌ အဆိုပါရပ်ကွက်နေ အားဆိုင်(၄၃)နှစ်ဆိုသူအား အရှိုး၊ အသွား ၂၂ လက်မခန့်ရှိ ဓားရှည် တစ်ချောင်းအား ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အားဆိုင်အား လားရှိုးမြို့မရဲစခန်း၌ လည်းကောင်း။

အလားတူ နံနက် ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အမရပူရမြို့နယ်၊ မင်းစုကျေးရွာထိပ် လမ်းမပေါ်အရောက်၌ အဆိုပါကျေးရွာနေ စိုးနိုင်ဝင်း(၃၇)နှစ်ဆိုသူအား အရှိုး၊ အသွား ၂၆ လက်မခန့်ရှိ ဓားရှည် တစ်ချောင်းအား ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စိုးနိုင်ဝင်းအား မြစ်ငယ်နယ်မြေရဲစခန်း၌လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စိတ်ပြောင်းဆေးဝါး ERIMIN-5 ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောက်တိုဘာ ၁၂ ရက် ညနေ ၃နာရီ ၄၅ မိနစ်က ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ညီညီအောင် မောင်းနှင်ပြီး လှမင်း လိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး ERIMIN-5 ဆေးပြား ၁၉၅၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ညီညီအောင်(၄၁)နှစ်နှင့် လှမင်း(၄၆)နှစ်ဆိုသူတို့ကို ဝေါမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးအရေးယူ

**တနိုင်း အောက်တိုဘာ ၁၆**

ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ တနိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက တနိုင်း-မိုင်းခွန်သွားကားလမ်းပေါ်၌ မော်တော်ယာဉ် စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် တနိုင်းမြို့မှ မိုင်းခွန်ကျေးရွာဘက်သို့ တနိုင်းမြို့နယ်၊ မိုင်းခွန်ကျေးရွာနေ ဇော်မြင့်(၄၂)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN AD-VAN မော်တော်ယာဉ်နှင့် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဗန်းမောက်ကျေးရွာနေ ပိုင်ဇေထွန်း(၂၅)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN AD-VAN မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇော်မြင့်နှင့် ပိုင်ဇေထွန်းဆိုသူတို့ နှစ်ဦးအား တနိုင်းမြို့မရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ဒေါ်ထက်ထက်(ဘ)ဦးရန်အင်ချင်း(ခ)ဦးကျော်ဝင်း(၉/အမဇ(နိုင်)၀၂၃၃၈၆)မှ (၁၆-၇-၂၀၂၅)မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၃)တွင် ထည့်သွင်းကြော်ငြာထားခဲ့သည့် ကိစ္စများနှင့်ပတ်သက်၍ ဒေါ်စုစုနိုင်(ဘ)ဦးမြင့်နိုင်(၁/မစန(နိုင်)၀၂၉၇၄၀)အား ပြန်လည်တောင်းပန်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၈၁ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားနေ ဒေါ်ထက်ထက်(ဘ)ဦးရန်အင်ချင်း(ခ)ဦးကျော်ဝင်း(၉/အမဇ(နိုင်)၀၂၃၃၈၆)ကိုင်ဆောင်သူမှ အောက်ပါအတိုင်း တောင်းပန်အပ်ပါသည်။

ကျွန်မသည် လွန်ခဲ့သော (၁၆-၇-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၃)တွင် ကျွန်မ၏အကျိုးဆောင်ရှေ့နေမှတစ်ဆင့် ဒေါ်စုစုနိုင်နှင့် ကျွန်မတို့အကြား အငြင်းပွားနေသည့် 'Stylist Beauty Mall' လုပ်ငန်းနှင့်ပတ်သက်၍ နစ်ဖက်အကျိုးဆောင်များဖြင့် ဥပဒေဘောင်အတွင်းမှ ရှင်းလင်းနေဆဲကာလဖြစ်နေပါလျက်နှင့် စိတ်ဆန္ဒစောစွာဖြင့် မန္တလေးနေ့စဉ်သတင်းစာတွင် 'ဒေါ်စုစုနိုင်(ဘ)ဦးမြင့်နိုင်(၁/မစန(နိုင်)၀၂၉၇၄၀)နှင့် အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း'ခေါင်းစဉ်ဖြင့် တစ်မျက်နှာပြည့်ပုံစံဖြင့် ထည့်သွင်းကြေညာခဲ့ပါသည်။

ယခုအခါ အဆိုပါ 'Stylist Beauty Mall'၏ လုပ်ငန်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ (၃၀-၉-၂၀၂၅)ရက်တွင် ဒေါ်စုစုနိုင်နှင့် ကျွန်မ ဒေါ်ထက်ထက်တို့အကြားတွင် ရရန်/ပေးရန်ကိစ္စရပ်များအား အဆုံးတိုင်အပြီးအပြတ်ဖြေရှင်းပြီးနောက် ဒေါ်ထက်ထက်မှလည်း လုပ်ငန်းမှ (၃၀-၉-၂၀၂၅)ရက်တွင်ပင် နုတ်ထွက်ပြီးဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ 'Stylist Beauty Mall'၏ လုပ်ငန်းအမှတ်တံဆိပ်အား ဒေါ်စုစုနိုင်မှ ရယူပြီး လုပ်ငန်းအမှတ်တံဆိပ်အား တစ်ဦးတည်းပိုင်အဖြစ် ဆက်လက်သုံးစွဲသွားမည်ဖြစ်ပါသည်။ ကျွန်မအနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်ဖြစ်သော'Stylist Beauty Mall' လုပ်ငန်းနှင့်ပတ်သက်၍ ဒေါ်စုစုနိုင်နှင့် ကျွန်မ ဒေါ်ထက်ထက်တို့အကြား အငြင်းပွားနေစဉ်အတွင်း နစ်ဖက်အကျိုးဆောင်များနှင့် ဥပဒေဘောင်အတွင်းမှ ရှင်းနေပါလျက်နှင့် စိတ်ဆန္ဒစောစွာဖြင့် မန္တလေးနေ့စဉ်သတင်းစာတွင် 'Stylist Beauty Mall'ဆိုင်အမည်နှင့်တကွ ဒေါ်စုစုနိုင်၏ အဘအမည်၊ မှတ်ပုံတင်အမှတ်တို့အား ဖော်ပြကာ ထည့်သွင်းကြေညာခဲ့မိသည့်အပေါ်တွင် ဒေါ်စုစုနိုင်၏ လူမှုရေးတွင်လည်းကောင်း၊ စီးပွားရေးတွင်လည်းကောင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာခြင်းသော်လည်းကောင်းဖြစ်ပွားခဲ့ရပြီး ဒေါ်စုစုနိုင်၏စိတ်အား ထိခိုက်စေခဲ့ရခြင်းများ ဖြစ်ပေါ်ခံစားခဲ့ရသည်ကို ကျွန်မ ဒေါ်ထက်ထက် အနေဖြင့် ယခုကဲ့သို့ မန္တလေးနေ့စဉ်သတင်းစာတွင် တရားဝင်ပြန်လည်ထည့်သွင်းကြေညာကာ အနူးအညွတ် ပြန်လည်တောင်းပန်ပါသည်။

**ဒေါ်ထက်ထက်(၉/အမဇ(နိုင်)၀၂၃၃၈၆)**

**ဖုန်း ၀၉-၆၈၈၇၅၀၈၅၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဟန်အမည်ပေါက်ရှိသော ဂရန်မြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိက အရောင်းအဝယ်အရပ်ကတိစာချုပ် + နိုက်တြီအထွေထွေကိုယ်စားလှယ်ပါဝါတို့အရ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ဝင်း(ဘ)ဦးအောင်ပွင့်(၅/ဖပန(နိုင်)၀၅၉၇၈၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**(ဦးအောင်မြင့်) တရားလွှတ်တော်ရှေ့နေ၏ တပည့်များ**

**ဦးချစ်ညီညီ (LL.B)** **ဦးဆန်းမြင့်နိုင် (LL.B)**

**(ဥပဒေအကျိုးဆောင်ရှေ့နေများ)**

**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၃၉၉၀၊ ၀၂-၄၀၇၂၇၇၉၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၇၉၂၀၆၆၉၉၉**

## လေလံကြော်ငြာ

အောင်မြေသာစံခရိုင်၊ လေလံတင်ရောင်းချရေးကော်မတီမှ ကြီးကြပ်၍ မန္တလေးခရိုင် သစ်တောဦးစီးဌာနမှူးရုံးဝန်းတွင် ပုံစံ(၈)ဝင် ကျွန်း(ပရိဘောဂ အစိတ်အပိုင်း)၊ နံ့သာဖြူနှင့် ချိတ်များအား မျက်မြင်အခြေအနေအတိုင်း (၂၃-၁၀-၂၀၂၅)ရက် (ကြာသပတေးနေ့)၊ နံနက် (၁၀:၀၀)နာရီတွင် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပရိဘောဂလုပ်ငန်းရှင်များ၊ သစ်ခွဲသားအရောင်းဆိုင်များနှင့် ပန်းပုလုပ်ငန်းရှင်များသို့ လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များနှင့် မန္တလေးခရိုင်သစ်တော ဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း-

| | |
|---|---|
| လေလံလျှောက်လွှာရောင်းချမည့်ရက် | - (၂၀-၁၀-၂၀၂၅)ရက်နေ့မှ (၂၂-၁၀-၂၀၂၅) ရက်နေ့အထိ |
| လေလံအာမခံကြေးနောက်ဆုံးထား လက်ခံမည့်ရက် | - (၂၂-၁၀-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - ဖုန်း ၀၉-၅၀၉၄၁၃၃၊ ၀၉-၄၂၄၂၇၁၃၄၅၊ ၀၉-၄၂၀၇၃၂၃၄၀၊ ၀၉-၄၀၉၇၀၁၇၅၂ |

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**အောင်မြေသာစံခရိုင်**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်အမှတ်(၆၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးသူရဇော်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC (၃)ထပ်အဆောက်အအုံ၊ ရေ+မီးအပါအဝင် သွယ်တန်းတပ်ဆင်ထားသောပစ္စည်းရပ်များ၊ ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူ ဦးသူရဇော်(၁/မကတ(နိုင်)၀၀၁၁၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်စင်မာအောင် (LL.B)** **ဒေါ်ချိုချိုဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

Success **ဥပဒေနှင့် စီးပွားရေးအကြံပေးဝန်ဆောင်မှု**

**၆၂လမ်း၊ ၃၁လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၁၄၀၀၆၀၊ ၀၉-၄၀၂၅၄၉၉၈၉**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၆)၊ ဦးပိုင်အမှတ်(၁၀)၊ ၄၇လမ်း၊ ၁၀၈လမ်းထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၇၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြညွန့်(၁၃/တကန(နိုင်)၁၉၁၄၈၇)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၉၈၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၉၁)၊ ၁၁၁(F)လမ်း၊ လမ်း၅၀နှင့် ၅၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးသိန်းဇော်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၈၈၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မြို့လှ(၉/ခမစ(နိုင်)၀၀၃၈၀၃)၏ (GP ရရှိသူ ဒေါ်ငြိမ်းငြိမ်းအိ)တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၀၀၁/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးညွန့်ဆွေ(ဘ)ဦးသီဟ(AE - ၁၁၅၂၁၁)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းဝင်း(ဘ)ဦးအောင်ချမ်း(၁၃/ကမန(နိုင်)၀၅၄၉၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A(Hist), H.G.P | LL.B | B.Sc. PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်အမှတ်(၅၉-ခ)မြေကွက်ထဲမှ အနောက်ဘက်ခြမ်းပေ(၁၅× ၂၀)ထဲမှ အရှေ့ဘက်စိပ်ပေ(၁၀×၁၅) အကျယ်အဝန်းရှိမြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်အမှတ်(၅၉-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဒေါ်ခင်နွဲ့အမည်ဖြင့် ရရှိထားသောစလစ်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အတွင်းရှိ အနောက်ဘက်ခြမ်းပေ(၁၅×၂၀)ထဲမှ အရှေ့ဘက်စိပ်ပေ(၁၀×၁၅)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးဝင်းငွေ(ဘ)ဦးလှ(၉/မမတ(နိုင်)၀၁၂၇၃၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မေ (LL.B)** **ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၃၀-ခ)၊ ဧရိယာ(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်မှာ ဦးလာဘော(ဘ)ဦးမြသွင်(၉/ပသက(နိုင်)၀၂၇၈၁၁)၊ ( PTI - ၀၁၉၅၄၄)အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးငြိမ်းဖြူ(ဘ)ဦးကျော်မိုး(၉/မဟမ(နိုင်)၀၄၅၀၁၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A(Hist), H.G.P | (LL.B) | B.Sc. PGDL |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## ပျောက်ဆုံးကြောင်း

ဦးနရိန္ဒ(ဘ)ဦးကံငြေး၊ သာသနာ့ဝင်ကတ်အမှတ်(၉/အမဇ(သ)၀၀၂၁၄၄)ကိုင်ဆောင်သူ၏ **Passport No. (MA - 902354)** သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးနရိန္ဒ**
**ဖုန်း ၀၉-၇၇၀၈၆၆၅၈၀**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂)၊ ဦးပိုင်အမှတ်(၂၆)၊ ၅၈(B)လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်ဝင်း၏( SP ရရှိသူ ဦးသောင်းညွန့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညွန့်ညွန့်ဆွေ(၉/မခန(နိုင်)၀၀၉၁၂၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၉၈၄/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့်ရော်ဘာတို့မှ ထုတ်လုပ်သည့် ကုန်ချောပစ္စည်းများကို တင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက်တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်...

❖ ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်ခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ မြေစာရင်းရုံးနှင့် ပြည်သူပိုင်အဆောက်အအုံများ မီးလောင်နေမှုကို တွေ့ရစဉ်။

## TNLA အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏နေအိမ်များကို မီးရှို့ထွက်ပြေး

နေပြည်တော် အောက်တိုဘာ ၁၆

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခြေကုတ်စိုးမိုးထားသည့် မြို့/ရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကို ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့အား ၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း၊ ကျောက်မဲမြို့အား အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများက အတူတကွပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ သို့◆

## ၂၀၂၆ ခုနှစ် အာရှဖလား ယူ - ၁၇ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ် မြန်မာနှင့် အင်ဒိုနီးရှား အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်မှုကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၆ခုနှစ် အာရှဖလား ယူ-၁၇ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနှင့် အင်ဒိုနီးရှား အမျိုးသမီးဘောလုံးအသင်းတို့သည် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel ၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် (တနင်္လာ)နေ့ "ဒီပါဝလီနေ့"သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အား/ကာသိပ္ပံ(ယူ-၂၁)အသင်းက ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

MNL Youth League (Week-25) အဖြစ် အား/ကာသိပ္ပံ(ယူ-၂၁)အသင်းနှင့် ရန်ကုန်ယူနိုက်တက် (ယူ-၂၁)အသင်းတို့ YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး အား/ကာသိပ္ပံ(ယူ-၂၁)အသင်းက ရန်ကုန်ယူနိုက်တက် (ယူ-၂၁)အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အား/ကာသိပ္ပံလူငယ်အသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲချိန် ၁၇ မိနစ်နှင့် ၂၉ မိနစ်တို့တွင် ဝင်းမင်းသူနှင့် ကောင်းခန့်ကျော်တို့က သွင်းယူပေးခဲ့သည်။ ထို့နောက် ရန်ကုန်လူငယ်အသင်းဘက်မှ တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် ရန်ကုန်လူငယ်အသင်းဘက်မှ ပင်နယ်တီရရှိခဲ့ပြီး ထိုပင်နယ်တီအား မောင်တော့က သွင်းယူပေးခဲ့သည်။ ရန်ကုန်လူငယ်အသင်းအတွက် ချေပဂိုး ဖြစ်စေမည့်ဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် အားရွှေက သွင်းယူပေးခဲ့သည်။





ဒုတိယပိုင်းတွင် ရန်ကုန်လူငယ်အသင်းမှ ဦးဆောင်ဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်လွှဲချော်မှုများကြောင့် ဂိုးများမရရှိခဲ့ပေ။ ထို့နောက် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ၅ မိနစ်တွင် အား/ကာသိပ္ပံလူငယ်အသင်းဘက်မှ ပင်နယ်တီရရှိခဲ့ပြီး သက်ထူးစံက အဆုံးသတ်သွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်းသည် လက်ရှိတွင် ၂၅ ပွဲကစား၊ ၁၅ ပွဲနိုင်၊ ၅ ပွဲသရေ၊ ၅ပွဲရှုံး၊ ရမှတ် ၅၀ ဖြင့် အမှတ်ပေးဇယား အဆင့် ၃ တွင် ရပ်တည်နေပြီး လာမည့်အောက်တိုဘာ ၂၂ ရက်တွင် Junior Lion အသင်းနှင့် YUSC ကွင်းတွင် ရာသီပိတ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

နိုင်ကမ္ဘာ

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

## ယီဒက်ဇ်အား ခေါ်ယူရန် ဥရောပကလပ်အသင်းများစွာက စိတ်ဝင်စား

**တူရင် အောက်တိုဘာ ၁၆**

ဥရောပကလပ်အသင်းများဖြစ်သည့် မန်ယူ၊ ချဲလ်ဆီး၊ ဘာစီလိုနာအသင်းတို့သည် ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ယီဒက်ဇ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက် ၂၀ နှစ်အရွယ်ရှိ ယီဒက်ဇ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ပွဲကစားပြီး ၁၈ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ယီဒက်ဇ်ကိုယ်တိုင်ကလည်း အတွေ့အကြုံသစ်များ ရရှိစေရန်အတွက် အသင်းပြောင်းရွှေ့ကစားလိုလျက်ရှိနေသည်။

ထို့ကြောင့် ဥရောပကလပ်အသင်းများဖြစ်သည့် မန်ယူ၊ ချဲလ်ဆီး၊ ဘာစီလိုနာအသင်းတို့ အနေဖြင့် ယီဒက်ဇ်ကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

